# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်   ၂၀၁၆ ခုနှစ်၊ မတ် ၂၆ ရက်၊ စနေနေ့၊   အတွဲ [၅၅]၊ အမှတ် [၁၇၈]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်  မတ်  ၂၆**

၂၀၁၆ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် အဗ္ဗဒူလ် ဟာမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ✻

# ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် ကောင်းမြတ်သည့်အစဉ်အလာဖြစ် မှတ်တမ်းတင်ခံရသည့်သမိုင်းကို အစွန်းအထင်းမရှိအောင် ဆက်လက်ထိန်းသိမ်း




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

**နေပြည်တော်  မတ်  ၂၅**

၂၀၁၆ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိမိတို့အစိုးရ တာဝန်ယူခဲ့ရသည့် ငါးနှစ်တာကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်(၂)ရပ်ကို သက်ဆိုင်ရာကဏ္ဍနှင့် သက်ဆိုင်ရာဌာနအလိုက် *စာမျက်နှာ ၈ ကော်လံ ၁* ❖

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အမည်စာရင်း အဆိုပြုတင်ပြ

စာ » ၇




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## တီဘီရောဂါတိုက်ဖျက်ရေး ပူးပေါင်းပါဝင်

တီဘီရောဂါသည် ကမ္ဘာပေါ်တွင် ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ် တည်ရှိနေဆဲဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့် တီဘီပိုးကူးစက်ခံထားရကာ နှစ်စဉ်ကမ္ဘာပေါ်တွင် တီဘီလူနာ ၉ ဒသမ ၆ သန်းခန့်ဖြစ်ပွားလျက် ၁ ဒသမ ၅ သန်း သေဆုံးလျက်ရှိကြောင်း သိရသည်။ တီဘီရောဂါသည် ပြည်သူများ၏အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသော ရောဂါတစ်မျိုးဖြစ်သည်။

တီဘီရောဂါသည် ကူးစက်တတ်သောရောဂါတစ်မျိုးဖြစ်ပြီး စနစ်တကျကုသနိုင်ခြင်းမရှိလျှင် တီဘီဆေးယဉ်ပါးမှုမှတစ်ဆင့် အသက်အန္တရာယ်အထိ ခြိမ်းခြောက်နိုင်သည်။ တီဘီရောဂါကိုအသက် ၁၅ နှစ်မှ ၅၄ နှစ်အတွင်း ဖြစ်ပွားမှု ၈၀ ရာခိုင်နှုန်းရှိနေခြင်းကြောင့် တိုင်းပြည်၏ ကုန်ထုတ်စွမ်းအားအပေးနိုင်ဆုံး အသက်အရွယ်အပိုင်းအခြားတွင် ဖြစ်ပွားနေကြောင်းလည်း သိရသည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် တီဘီရောဂါတိုက်ဖျက်ရေးအစီအစဉ်များကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ တီဘီလူနာများအား တိုးချဲ့ရှာဖွေခြင်း၊ တီဘီ၊ အိတ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါးတီဘီရောဂါရှာဖွေကုသရေးစီမံချက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းစဉ်သုံးရပ်ကို အဓိကဦးစားပေးကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

တီဘီရောဂါတိုက်ဖျက်ရေး နည်းဗျူဟာဖြစ်သော **DOTS Strategy** ကို ၂၀၀၃ ခုနှစ်မှစပြီး မြို့နယ်အားလုံးလွှမ်းခြုံခဲ့ပြီး ၂၀၀၇ ခုနှစ်မှစတင်ကာ **Stop TB Strategy** ဖြင့် လွှမ်းခြုံဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် နှစ်ကုန်အထိ တီဘီလူနာပေါင်း ၁၄၀၀၀၀ကျော်ကို ရှာဖွေကုသပေးနိုင်ခဲ့ပြီး တီဘီ/အိတ်ချ်အိုင်ဗွီ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကို ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ရာ ၂၀၁၆ ခုနှစ်အတွင်း တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤသို့ နိုင်ငံတော်အပိုင်းက တီဘီရောဂါတိုက်ဖျက်ရေးအစီအစဉ်များကို စီမံချက်များချမှတ်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း အားတက်သရောပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။ အထူးသဖြင့် တီဘီရောဂါကူးစက်ခံထားရသူများက စနစ်တကျကုသမှုကိုခံယူလျက် ပူးပေါင်းဆောင်ရွက်သင့်သည်။ တချို့သော တီဘီရောဂါဝေဒနာရှင်များမှာ ဆေးကို ပုံမှန်မသောက်ခြင်း၊ ရှက်ကြောက်ခြင်း၊ ရောဂါကိုဖုံးကွယ်ထားခြင်းတို့ကြောင့် တီဘီဆေးယဉ်ပါးမှုများဖြစ်ပွားလျက်ရှိပါသည်။ ဆေးယဉ်ပါးခြင်းဆိုသည်မှာ ရောဂါကို ဆေးမတိုးတော့ခြင်းဖြစ်ပါသည်။ အလွန်ခက်ခဲစွာကုသရသည့် အနေအထားဖြစ်ပါသည်။ သို့ဖြစ်၍ တီဘီရောဂါတိုက်ဖျက်ရေးတွင် အားလုံးက တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်မှုများရရှိနိုင်မည် ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## စာကြည့်တိုက်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

**ဘီးလင်း မတ် ၂၅**

ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ်လတတိယပတ်က မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့ရာ တာဝန်ရှိသူများက ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြပြီး စာကြည့်တိုက်များတွင်ဝန်ဆောင်မှုပေးနိုင်မည့် နည်းလမ်းများကို တက်ရောက်လာသူများက အုပ်စုသုံးစုခွဲ၍ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




## ပျက်စီးသွားသောလယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပေးရန်မျှော်လင့်

**မိုင်းပါလျှိုး မတ် ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းလပ်မြို့နယ်ခွဲ၌ အမှတ်(၂)မဲဆန္ဒနယ်မြေ တာချီလိတ်မြို့နယ်၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်နှင့် လွှတ်တော်ကိုယ်စားလှယ် အထောက်အကူပြု အဖွဲ့ဝင်များသည် နမ့်ကိုင်းကျေးရွာ၌ မတ်လဒုတိယပတ်က ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လယ်သမားများ၊ တောင်သူများနှင့်တွေ့ဆုံပြီး ကျိုင်းလပ်မြို့ ဒေသခံဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆွေးနွေးခဲ့ရာ လယ်သမားများက လာမည့်မိုးရာသီတွင် လယ်များ ပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် မျှော်လင့်နေကြောင်း ဆွေးနွေးခဲ့ကြသည်။

ပြီးခဲ့သည့် ဩဂုတ် ၁၉ ရက်က မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ရာမှ မိုင်းပါလျှိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာနှင့် နမ့်ခင်းကျေးရွာအုပ်စုရှိ ကျေးရွာနှစ်ရွာ စုစုပေါင်းခုနစ်ရွာတို့သည် လယ်ယာမြေ ၁၀၀၀ ခန့် ပျက်စီးခဲ့ရပြီး တချို့မှာ ပျက်စီးလယ်ယာမြေများကို ကိုယ့်အားကိုယ်ကိုး ပြန်လည်ဖော်ထုတ်နေရသော်လည်း အများစု၏ လယ်ယာမြေများမှာ ကျောက်တုံး၊ သစ်တုံးများ၊ နွံများ ဝင်ရောက်၍ ပြန်လည်ဖော်ထုတ်ရန် အခက်တွေ့နေကြောင်း အဆိုပါကိစ္စများကို မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို လယ်သမားများက တောင်းဆိုဆွေးနွေးခဲ့ကြရာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့က တောင်သူများနှင့်အတူ ပျက်စီးနေသော လယ်ယာမြေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါကိစ္စရပ်များကို သက်ဆိုင်ရာဌာနအလိုက်တွေ့ဆုံပြီး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ဒလမြို့နယ်သို့ ရေသယ်ကားများ ပေးအပ်လှူဒါန်း

**ဒလ မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်ဆောင်ရွက်မှုဖြင့် ဒလမြို့နယ်နှင့် ဆက်စပ်မြို့နယ်များအား ရေသယ်ယာဉ်ကားများ ပေးအပ်လှူဒါန်းပွဲကို မတ် ၂၂ ရက်က ဘုရားငုတ်တိုလမ်းဆုံ၌ ကျင်းပသည်။

ဒလ၊ တွံတေး၊ ကော့မှူး၊ ဆိပ်ကြီးခနောင်တို၊ ကွမ်းခြံကုန်းနှင့် ကြည့်မြင်တိုင်မြို့နယ်များသို့ ရေဂါလန် ၆၀၀ ဆံ့ ရေသယ်ယာဉ်များ လှူဒါန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ဝန်ကြီးချုပ်ဦးမြင့်ဆွေက ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဒလမြို့နယ်တွင် ယခုအချိန်ထိ ရေရှားပါးမှုမရှိသေးကြောင်း၊ ရေရှားပါးသည်ဟု ပြောဆိုမှုများမှာလည်း ကောလာဟလသာဖြစ်ကြောင်း၊ ဒလမြို့နယ်ရှိ သောက်သုံးရေကန်များမှာ ဧပြီလကုန်မိုးကျသည်အထိ ရေလုံလောက်ပါကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်မင်းနိုင်က ပြောသည်။ အုံ့ကြီးအနောက်ရပ်ကွက်တွင် ရေရှားပါးနေကြောင်း ပြည်ပအသံလွှင့်ဌာနတစ်ခုမှ ထုတ်လွှင့်ခဲ့ကြောင်း၊ ရပ်ကွက်အတွင်း သောက်သုံးရေကန် ကိုးကန်ရှိပြီး ဧပြီလကုန်အထိ ရေလုံလောက်နိုင်မည်ဖြစ်ကြောင်း အုံ့ကြီးအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက ထပ်မံပြောကြားသည်။



**မောင်ယဉ်ဦး(ဒလ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀/၁၀၃၀၀၀ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၆.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၇.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၇.၈၆ |
| ထိုင်း | တစ်ဘတ် | ၃၄.၃၈၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၁၇၄ |
| တရုတ် | တစ်ယွမ် | ၁၈၆.၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂.၄၉ |

ခင်ရတနာ-စုစည်းသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်နိုင်ငံမှ ပြန်လည်ထွက်ခွာရာ ဟိုင်နန်ပြည်နယ် စန်းယလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နေပြည်တော်လေဆိပ်၌ ဒုတိယသမ္မတဦးညွန့်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်နှင့် ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# စာပေဗိမာန်နှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးတွဲကျင်းပသည့် ဘာသာပြန်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် ဂျပန်နိုင်ငံ Shanti Volunteer Association(SVA) တို့ပူးတွဲလျက် လူငယ်များ ဘာသာပြန်စွမ်းရည်တိုးတက်ရန်နှင့် ကလေးလူငယ်စာပေဖွံ့ဖြိုးရန် ကျင်းပသော ဘာသာပြန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်လတတိယပတ်က စာပေဗိမာန်ခန်းမ၌ ကျင်းပရာ စာပေဗိမာန်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေပညာရှင်ကြီးများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် စာတည်းမှူးချုပ် ဦးအောင်သန်းနှင့် Shanti Volunteer Association (SVA)မှမြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms.Aki Nakahara တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် ပထမဆုရ မခင်ပြည့်ပြည့်ဖြိုး (ကလောင်အမည်-ပြည့်)၊ ဒုတိယဆုရ စိုင်းရဲသီဟ (ကလောင်အမည်-စိုင်းဝီရလင်းခဲ့)၊ တတိယဆုရ ဒေါက်တာခင်လင်းနိုင် (ကလောင်အမည်-ဒေါက်တာခင်လင်းနိုင်)နှင့် နှစ်သိမ့်ဆုရရှိကြသော မစုစုမြင့် (ကလောင်အမည်-စုစုမြင့်-ပအိုဝ်းမူ) နှင့် ကိုဝေယံဦး(ကလောင်အမည်-ဝေယံဦး)တို့ကို ဆုများချီးမြှင့်ကြသည်။

ယင်းနောက် Ms.Aki Nakahara က ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဦးဝင်းထွန်း(မောင်ဝင့်သူ)ကို ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ဆုရရှိကြသူများကိုယ်စား မခင်ပြည့်ပြည့်ဖြိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါပြိုင်ပွဲ ပြဋ္ဌာန်းစာအုပ်မှာ ဂျပန်နိုင်ငံ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ယဉ်ကျေးမှုဗဟိုဌာန (The Asia/ Pacific Cultural Centre for UNESCO-ACCU) က ထုတ်ဝေခဲ့သည့်စာအုပ်ဖြစ်ပြီး လူနှင့်ပတ်ဝန်းကျင်တို့၏ ဆက်စပ်ယှက်နွယ်မှုဂေဟဗေဒကို ကလေးလူငယ်တို့ သဘောပေါက်နိုင်ကြစေရန် ရည်ရွယ်၍ မူရင်းဌာန၏ ခွင့်ပြုချက်ရယူကာ ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့(Shanti Volunteer Association-SVA)နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်တို့ ပူးတွဲလျက် ဘာသာပြန်ပြိုင်ပွဲ ပထမဆုရစာမူကို ထုတ်ဝေသွားမည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြဝတီခရိုင် မြစ်ကြောင်းထိန်းသိမ်းရေးနှင့် နယ်နိမိတ်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း

**မြဝတီ မတ် ၂၅**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြဝတီခရိုင် မြစ်ကြောင်း ထိန်းသိမ်းရေးနှင့် နယ်နိမိတ်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ၁/၂၀၁၆ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၄ ရက်က နံနက်ပိုင်းက ကျင်းပခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ မြဝတီခရိုင် မြစ်ကြောင်းထိန်းသိမ်းရေးနှင့် နယ်နိမိတ် ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ဖန်တီးမှုကြောင့် မြစ်ရေစီးကြောင်း ပြောင်းလဲတိုက်စားပြီး မိမိပိုင်နယ်မြေဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် မိမိနိုင်ငံဘက်ခြမ်း သောင်ရင်းမြစ်နှင့် ဂေါ်လီချောင်းတစ်လျှောက် ကမ်းပါးများ ပြိုကျပျက်စီးမှုများ ရှိ၊ မရှိနှင့် ရေစီးကြောင်းပြောင်းလဲမှုကြောင့် ထူးခြားပြောင်းလဲမှုများ ရှိ မရှိ စဉ်ဆက်မပြတ် စောင့်ကြည့်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးတင်ပြကြပြီး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ မြဝတီခရိုင် မြစ်ကြောင်းထိန်းသိမ်းရေးနှင့် နယ်နိမိတ်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုစာရေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

* *ရှေ့ဖုံးမှ*

အလားတူ မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စစ် ရှိတ်ဟာဆီနာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၆**

၂၀၁၆ ခုနှစ် မတ် ၂၆ ရက်တွင်ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဗ္ဗူလ်ဟာဆန် မာမွတ်အလီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အင်ဒိုနီးရှားနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ဦးအောင်ထူးအား ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် မတ် ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး ဗန်ကောက်မြို့မှ သံအမတ်ကြီး ဦးအောင်ထူးအား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ဦးမြင့်စိုးအား ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် မတ် ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး ဂျီနီဗာမြို့မှ ဒုတိယအမြဲတမ်း ကိုယ်စားလှယ် ဦးမြင့်စိုးအား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# မဟာသင်္ကြန်ကာလအတွင်း မထသ(ဗဟို)ကြီးကြပ်မှုအောက်ရှိ ခရီးသည်တင်ယာဉ် ၁၆၃၈ စီးခန့် ပြေးဆွဲမည်

**ရန်ကုန် မတ် ၂၅**

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီအောက်ရှိ ယာဉ်လိုင်းအဖွဲ့အစည်းရှစ်ဖွဲ့မှ ခရီးသည်တင်ယာဉ်လိုင်း ၁၁၄ လိုင်း၊ ယာဉ်စီးရေ ၁၆၃၈ စီးခန့်ဖြင့် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ယာဉ်စီးခနှုန်းထားမှာ မူလသတ်မှတ်ထားသည့် ယာဉ်စီးခနှုန်းထားအတိုင်းဖြစ်ကြောင်း သိရသည်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်(ပါရမီ)၊ ရွှေရန်ကုန်ယာဉ်လိုင်းလုပ်ငန်း ကော်မတီ၊ ရွှေညော့်သည်ခရီးသည်ပို့ဆောင်ရေး၊ ရွှေအင်းဝခရီးသည်ပို့ဆောင်ရေး၊ စစ်မှုထမ်းဟောင်းယာဉ်လိုင်း(စည်ပင်အတွင်း)၊ စစ်မှုထမ်းဟောင်းယာဉ်လိုင်း(စည်ပင်အပြင်)နှင့် အမြဲစိမ်းကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက်(အမြဲစိမ်း-၁) ယာဉ်လိုင်းတို့မှာ ဧပြီ ၁၂ ရက်(သင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)ထိ ယာဉ်လိုင်းပြေးဆွဲမှုရပ်နားထားမည်ဖြစ်ပြီး ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်)မှစတင်၍ ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည် ပြေးဆွဲသွားမည်ဖြစ်သည်။

အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် (GEC)ယာဉ်လိုင်းမှာ ဧပြီ ၁၂ ရက်မှ ဧပြီ ၁၇ ရက်ထိနှင့် စန်းရောင်နီကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလီမိတက် (SRT-1) ယာဉ်လိုင်းမှာ ဧပြီ ၁၁ ရက်မှ ဧပြီ ၂၀ ရက်အထိ ယာဉ်ပြေးဆွဲမှုရပ်နားထား မည်ဖြစ်ကြောင်း တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ဆီးရီးယားနိုင်ငံရေးအကူးအပြောင်းကို ဩဂုတ်လတွင် နောက်ဆုံးထားလုပ်ဆောင်ရန် အမေရိကန်နှင့်ရုရှားသဘောတူ



**ဝါရှင်တန် မတ် ၂၅**

ဆီးရီးယားနိုင်ငံ၏ အာဏာလွှဲပြောင်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မူကြမ်းပြီးစီးရေးကို ဩဂုတ်လတွင် ဖော်ဆောင်ဖို့ မူဘောင် သဘောတူညီချက်တစ်ရပ်ကို တည်ထောင်ရန်အမေရိကန်နှင့် ရုရှားနိုင်ငံတို့က သဘောတူညီခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီလက်ရော့ဗ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မော်စကိုမြို့၌ ကြာသပတေးနေ့က တွေ့ဆုံခဲ့ကြသည်။

ရုရှားအနေဖြင့် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ရာထူးမှဆင်းပေးရန် တိုက်တွန်းလိမ့်မည်ဟု မျှော်လင့်ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဂျွန်ကယ်ရီက သတင်းထောက်များကို ပြောခဲ့သည်။

ဆီးရီးယားပြည်သူများက နိုင်ငံဦးဆောင်မှုနှင့် ပတ်သက်ပြီး ၎င်းတို့ကို ဆုံးဖြတ်ချက်ချသင့်ကြောင်း ရုရှားဘက်က ရှုမြင်သုံးသပ်ထားသည်။ သို့သော်လည်း ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲပါ အချက်များကို ပါတီအားလုံးက လိုက်နာစေရန်အတွက် ရုရှားနိုင်ငံက အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆက်ဆံရေး တိုးမြှင့်ရန်သဘောတူခဲ့သည်။

ဆီးရီးယားရှိ အစိုးရဆန့်ကျင်အုပ်စုများက သမ္မတအာဆတ်ကို ရာထူးမှဆင်းပေးရန် တောင်းဆိုထားသည်။

အိုင်အက်စ်အကြမ်းဖက်အုပ်စုကလည်း ဆီးရီးယားပြည်တွင်းစစ်ကို အခွင့်ကောင်းယူ၍ ၎င်းတို့အင်အားကိုတိုးချဲ့နေကြသည်။ ဥရောပတစ်ဝန်းတိုက်ခိုက်မှုများတွင် အိုင်အက်စ် အကြမ်းဖက်အဖွဲ့များကို ပြစ်တင်ထားကြသည်။

**(အင်န်အိတ်ချ်ကေ)**

## စုံစမ်းထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များမျှဝေမှု တိုးမြှင့်လုပ်ဆောင်ရန် ဥရောပသမဂ္ဂဝန်ကြီးများ သဘောတူ

**ဘရပ်ဆဲလ် မတ် ၂၅**

ဥရောပသမဂ္ဂသည် အကြမ်းဖက်တိုက်ခိုက်မှုများကို ကာကွယ်ရန် အဖွဲ့ဝင်နိုင်ငံအချင်းချင်း စုံစမ်းထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များမျှဝေပေးမှုမြှင့်တင်ရန် သဘောတူခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဘယ်လ်ဂျီယံတွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ဥရောပသမဂ္ဂ ပြည်ထဲရေးဝန်ကြီးများသည် ကြာသပတေးနေ့က ကျင်းပသော အရေးပေါ်အစည်းအဝေးတစ်ရပ်တွင် ထိုသို့သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးပြီးနောက် ထုတ်ပြန်ခဲ့သော ပူးတွဲကြေညာချက်တွင် ဥရောပအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဥပဒေအာဏာထိရောက်စွာ သက်ရောက်စေရန်အတွက် တိုင်းပြည်နယ်နိမိတ်များကို တင်းကျပ်စွာ စောင့်ကြည့်ထိန်းချုပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဆိုသည်။

ဇန်နဝါရီလတွင် နယ်သာလန်၌ ဥရောပသမဂ္ဂအနေဖြင့် အကြမ်းဖက်တိုက်ဖျက်ရေး ဥရောပစင်တာတစ်ခုကို တည်ထောင်ခဲ့ကြသည်။ အရေးပေါ်အစည်းအဝေးပြီးနောက် ဥရောပသမဂ္ဂရဲမင်းကြီး ဒီမီထရစ်အာဗာရာမ်မိုပိုးလက်စ်က နိုင်ငံရေးခံယူချက်ကင်းမဲ့ခြင်း၊ ညှိနှိုင်းဆောင်ရွက်မှုနှင့် ယုံကြည်ခြင်းများ အဖွဲ့ဝင်နိုင်ငံများတွင် သိပ်မရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့ကြောင့် ဆောင်ရွက်ချက်သစ်များ လျင်မြန်စွာ ထပ်မံလုပ်ဆောင်ရန် ၎င်းက တိုက်တွန်းပြောကြားလိုက်သည်။

**(အင်န်အိတ်ချ်ကေ)**

## အိန္ဒိယ၏ ဒုံးကျည်လွှတ်တင်မှုအပေါ် အမေရိကန်စိုးရိမ်ပူပန်မိကြောင်း ဖော်ပြ

**ဝါရှင်တန် မတ် ၂၅**

မကြာသေးမီက အိန္ဒိယနိုင်ငံ၏ ဒုံးကျည်လွှတ်တင်မှုအပေါ် အမေရိကန်က သဘောထားတစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းမှာ ဒေသတွင်းလုံခြုံရေးအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပြီး နျူကလီးယားလုံခြုံရေးအပေါ် ပို၍အန္တရာယ်ကြီးမားစေကြောင်း အမေရိကန်ဘက်က ထုတ်ဖော်ပြောကြားခဲ့သည်။

နျူကလီးယားလုံခြုံရေးအတွက် ခြိမ်းခြောက်သော မည်သည့်နျူကလီးယားလက်နက်နှင့် ဒုံးကျည်အဆင့်မြှင့်တင်မှုမျိုးကိုမဆို ၎င်းတို့နှင့် ပတ်သက်မှုရှိသည်ဟု ပြည်နယ်အစိုးရဌာန ပြောရေးဆိုခွင့်ရှိသူ မာ့ခ်တိုနာက သတင်းထောက်များကို ပြောသည်။

ထို့ကြောင့် နျူကလီးယားနှင့် ဒုံးလက်နက်ပိုင်ဆိုင်သည့် နိုင်ငံအားလုံးကို လေ့ကျင့်စမ်းသပ်မှုများ ကန့်သတ်ပြုလုပ်ရန် ဆက်လက်တိုက်တွန်းသွားမည်ဖြစ်ကြောင်း အိန္ဒိယ၏ ဒုံးကျည်စမ်းသပ်လွှတ်တင်မှုနှင့် ပတ်သက်၍ တိုနာက ပြောသည်။

အဆိုပါစိုးရိမ်ပူပန်မှုကို နယူးဒေလီသို့လည်း တင်ပြထားကြောင်း သိရသည်။ ယင်းအပြုအမူကြောင့် ဒေသတွင်းလုံခြုံရေးကို စိုးရိမ်မိကြောင်းကို ၎င်းက ထပ်တလဲလဲပြောကြားခဲ့သည်။



**(ပီတီအိုင်)**

## ပါရီဆင်ခြေဖုံး အကြမ်းဖက်မှုဆန့်ကျင်ရေးလှုပ်ရှားမှုအတွင်း ပြင်သစ်နိုင်ငံသားတစ်ဦး ဖမ်းမိ

**ပါရီ မတ် ၂၅**

ပါရီ အနောက်မြောက်ပိုင်း ဆင်ခြေဖုံးရပ်ကွက် အာဂျင်တီအူ၌ ကြာသပတေးနေ့က အကြမ်းဖက်မှုဆန့်ကျင်ရေး လှုပ်ရှားစဉ်အတွင်း ပြင်သစ်တစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဘာနာ့ဒ်ကာဇန်နေ့က ယင်းနေ့ညက ပြောသည်။

ပြင်သစ်တိုက်ခိုက်မှုတွင် ပါဝင်သည်ဟု သံသယရှိသူ ၎င်းကို ယင်းနေ့မနက်က ဖမ်းဆီးရမိခဲ့ကြောင်း ရုံးတွင်းသတင်းစာရှင်းလင်းပွဲတစ်ခု၌ ကာဇန်နေ့က ပြောခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အကြမ်းဖက်မှုအတွင်း ပါဝင်ပတ်သက်သူ ကွန်ရက်အဖွဲ့ကို ပြည်တွင်းလုံခြုံရေးညွှန်ကြားမှု လက်အောက်ရှိရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

အဆိုပါအစီအစဉ်ချ၍ တိုးချဲ့တိုက်ခိုက်မှုကို ပျက်ပြားသွားစေရန် ပြင်သစ်လုံခြုံရေးတပ်ဖွဲ့က စစ်ဆင်ရေးများကို ခွင့်ပြုပေးထားသည်ဟု ၎င်းက ပြောကြားသည်။ ဘရပ်ဆဲလ်နှင့် ပါရီတိုက်ခိုက်မှု ပတ်သက်ဆက်နွှယ်သော ထင်ရှားသည့်သက်သေမရှိသေးကြောင်း ဆက်လက်သုံးသပ်ပြောကြားသည်။ **(ဆင်ဟွာ)**

## ဘရပ်ဆဲလ်မြို့ ဗုံးခွဲတိုက်ခိုက်သူ ခြောက်ဦးအား ရဲအဖွဲ့ဖမ်းဆီးထား

**ဘရပ်ဆဲလ် မတ် ၂၅**

ဘယ်လ်ဂျီယံရဲအဖွဲ့က ဘရပ်ဆဲလ်မြို့တွင် အင်္ဂါနေ့က အိုင်အက်စ်တို့၏ အသေခံဗုံးခွဲတိုက်ခိုက်မှုများနှင့်ပတ်သက်၍ ခြောက်ဦးအား ဖမ်းဆီးထားသည်။

ထိုအတောအတွင်း အိုင်အက်စ်စစ်သွေးကြွကွန်ရက်က ခြိမ်းခြောက်နေကြောင်း ပြင်သစ်က ပြောဆိုလိုက်သည်။ အဆိုပါ ခြောက်ဦးအား ဘယ်လ်ဂျီယံရဲတပ်ဖွဲ့က ဘရပ်ဆဲလ်နှင့် အိမ်နီးချင်း ဂျာဘရက်မြောက်ပိုင်း၊ ဂျက်တီးအနောက်ပိုင်းများနှင့် ဘရပ်ဆဲလ်မြို့လယ်တို့တွင် ရှာဖွေမှုများပြုလုပ်စဉ် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ဘယ်လ်ဂျီယံရှေ့နေချုပ်ရုံးက ပြောသည်။

အသေခံဗုံးခွဲတိုက်ခိုက်သူများသည် ဘရပ်ဆဲလ်လေဆိပ်နှင့် မြေအောက်မီးရထားတို့တွင် တိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး ၃၁ ဦးသေဆုံးခဲ့ပြီး ၂၇၀ ခန့် ဒဏ်ရာရရှိခဲ့ရာ ဘယ်လ်ဂျီယံသမိုင်းတွင် အဆိုးရွားဆုံးတိုက်ခိုက်မှုဖြစ်သည်။ ဥရောပသမဂ္ဂနှင့် နေတိုးရုံးချုပ်ရှိရာ ဘရပ်ဆဲလ်မြို့ တိုက်ခိုက်ခံရမှုကြောင့် ကမ္ဘာကစိုးရိမ်လာပြီး အီးယူနိုင်ငံများက အစ္စလမ္မစ်အစွန်းရောက်များကို လက်တုံ့ပြန်ရန် မေးခွန်းထုတ်မှုများ မြင့်တက်လျက်ရှိသည်။

**(ရိုက်တာ)**



# အမျိုးသားအဆင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မဟာဗျူဟာလုပ်ငန်းစဉ်များ ဆက်လက်ကူညီထောက်ပံ့ရေးဆွေးနွေး

**နေပြည်တော် မတ် ၂၅**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် မြန်မာနိုင်ငံကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP မှ Country Director , Mr. Toily Kurbanov ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် UNDP နှင့်ပူးပေါင်းပြီး အမျိုးသားအဆင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာမူဘောင် (NSFAR)ကို ရေးဆွဲပြီးဖြစ်၍ မူဘောင်ပါလုပ်ငန်းစဉ်များကို ဆက်လက်ကူညီထောက်ပံ့ရေးနှင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် UNDP အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အရေးပါသောကဏ္ဍတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**(မိုး/ဇလ)**

# မြန်မာနိုင်ငံရေဘေးသင့်ဒေသများအတွက် တရုတ်နိုင်ငံက ယွမ် ၃၆ သန်းတန်ဖိုးရှိ လျှပ်စစ်ပစ္စည်းများ လှူဒါန်း

နေပြည်တော် မတ် ၂၅

**တရုတ်နိုင်ငံက မြန်မာနိုင်ငံရေဘေးသင့်ဒေသများအတွက် ယွမ် ၃၆ သန်းတန်ဖိုးရှိ လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View Resort ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးထံ လွှဲပြောင်းပေးအပ်သည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (NDRC)၊ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေးဌာန(NEA)နှင့် တရုတ်ကုမ္ပဏီများကို ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော ရေကြီးမှု၊ မြေပြိုမှုတို့နှင့် သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသော ဒေသများလျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ရရှိရေးအတွက် ကူညီထောက်ပံ့ပေးရန် မေတ္တာရပ်ခံခဲ့မှုအပေါ် အမြန်ဆုံး ကူညီမှုပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည့်အတွက် များစွာကျေးဇူးတင်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် လျှပ်စစ်ကိရိယာများနှင့် ပစ္စည်းများမှာ မတ် ၂၁ ရက်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလျက်ရှိပြီး အဆိုပါပစ္စည်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရေကြီးနစ်မြုပ်မှုခံစားခဲ့ရသည့် နေရာများ လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များအား အကျိုးရှိထိရောက် သေချာစွာစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးဒဏ်ခံရသော ဒေသများ လျှပ်စစ်ဓာတ်အား တတ်နိုင်သမျှဆောလျင်စွာ အမြန်ဆုံးရရှိရေးအတွက် ကူညီထောက်ပံ့မှုများအား များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်က မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများသို့ လျှပ်စစ်ပစ္စည်းများ လှူဒါန်းနိုင်ရေး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား လှူဒါန်းမှုဆိုင်ရာ သဘောတူစာချုပ်အတိုင်း လှူဒါန်းနိုင်ရန် တရုတ်နိုင်ငံအတွင်းရှိ ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရမှုအခြေအနေ၊ နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးရှိရေးနှင့် ချစ်ကြည်ရေးအတွက် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို ကူညီလုပ်ဆောင်ပေးမည့် အခြေအနေများကို ပြောကြားသည်။

ထို့နောက် China Southern Power Grid ကုမ္ပဏီမှ ဒုတိယအင်ဂျင်နီယာချုပ် ယောင်းဟုန်က မြန်မာနိုင်ငံရေဘေးသင့်ဒေသများအတွက် လှူဒါန်းသည့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်ထံမှ ရေဘေးသင့်ဒေသများသို့လှူဒါန်းသည့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းလက်ခံရယူသည်။

မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများသို့ ယနေ့လှူဒါန်းခဲ့သည့် ပစ္စည်းများမှာ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် တွဲဖက်ပစ္စည်း ၄၄၆ တန်၊ ၄၀၀ ဗို့ insulated ဓာတ်အားလိုင်း ၁၈၉ ကီလိုမီတာနှင့် တွဲဖက်ပစ္စည်းများ၊ Kalay ဓာတ်အားခွဲရုံအတွက် ၂၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် တွဲဖက် အခြေခံနှင့် တစ်ဆင့်ခံပစ္စည်းများနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၂၀၄ လုံးတို့ဖြစ်ပြီး စုစုပေါင်းတန်ဖိုး တရုတ်ယွမ်ငွေ ၃၆ သန်းရှိကာ ယင်းပစ္စည်းများကို ရေဘေးသင့်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# စတုတ္ထမြောက် ဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ရယူသုံးစွဲမည့် ပြည်တွင်းအများပိုင်ကုမ္ပဏီနှင့် ဖက်စပ်ဆောင်ရွက်နိုင်ရန် နိုင်ငံခြားမိတ်ဖက်ကုမ္ပဏီ ရွေးချယ်ထားရှိမှုလုပ်ငန်းစဉ်အား မီဒီယာရှင်းလင်း

**နေပြည်တော် မတ် ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ခဲ့ရာတွင် ပြည်ပအော်ပရေတာများဖြစ်သော Ooredoo Myanmar Limited၊ Telenor Myanmar Limited နှင့် ပြည်တွင်းအော်ပရေတာဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KDDI Summit Global Myanmar Co.,Ltd. တို့ကို ဆက်သွယ်ရေးဥပဒေနှင့်အညီ လိုင်စင်များချထားပေးခဲ့ပြီး ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စတုတ္ထမြောက် ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရယူသုံးစွဲမည့် ပြည်တွင်း အများပိုင်ကုမ္ပဏီနှင့် အစုစပ်ဖက်စပ်ဆောင်ရွက်နိုင်ရေး နိုင်ငံခြားမိတ်ဖက်ကုမ္ပဏီ ရွေးချယ်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဆောင်သော စီမံခန့်ခွဲရေးကော်မတီကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ အများပိုင်ကုမ္ပဏီဖွဲ့စည်းရေးနှင့် တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီကို ၂၀၁၅ ခုနှစ် ဩဂုတ် ၅ ရက်တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ပြီး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

တင်ဒါရွေးချယ်ရေးလုပ်ငန်းများကို စနစ်တကျထောက်ပံ့ဆောင်ရွက်ပေးနိုင်ရန် ယခင်လိုင်စင်ချထားခြင်းဆိုင်ရာ တင်ဒါလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် Roland Berger Consultant ကုမ္ပဏီကျွမ်းကျင်အဖွဲ့အားငှားရမ်း၍ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ပြည်တွင်း အများပိုင်ကုမ္ပဏီ ၁၁ ခုကို ပြည်တွင်း အထူးလုပ်ငန်းကုမ္ပဏီ (Special Purpose Company) အဖြစ် Myanmar National Telecom Holding Public Limited ကို ဖွဲ့စည်းနိုင်ခဲ့သည်။




အလားတူ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးဌာနများအား ဖိတ်ကြား၍ စတုတ္ထမြောက် လိုင်စင်ရယူဆောင်ရွက်မည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး အစိုးရအစုရှင်အား ဖိတ်ခေါ်ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ ကာကွယ်ရေးဝန်ကြီးဌာနက အဆိုပြုတင်ပြထားသည့် Star High Co.,Ltd. ကို သတ်မှတ်ပေးနိုင်ခဲ့သည်။

မတ် ၁၈ ရက်တွင် ကျင်းပသည့် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှ Request for Proposal (RFP) အရလျှောက်လွှာတင်သွင်းလာသည့် နိုင်ငံခြားကုမ္ပဏီတစ်ဖွဲ့တည်းဖြစ်စေ၊ တစ်ဖွဲ့ထက်ပိုသည်ဖြစ်စေ နိုင်ငံခြားမိတ်ဖက် ရွေးချယ်ရေး အနိမ့်ဆုံးအမှတ်ပေးဇယား ၁၂၅၀ ထက် ပိုမိုကောင်းမွန်သောအမှတ် သတ်မှတ်ချက်ရရှိမှသာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ အတည်ပြုချက်ရယူရန် ဆုံးဖြတ်ခဲ့သည်။

တင်ဒါလုပ်ငန်း အဆင့်ဆင့် (EOI, RFP နှင့် Application) ကိုသတ်မှတ်ထားသော စည်းမျဉ်းများနှင့်အညီ ဗီယက်နမ်နိုင်ငံ Viettel ကုမ္ပဏီ၏ အဆိုပြုလျှောက်လွှာကို တင်ဒါပိတ်သိမ်းသည့် ၁၈-၃-၂၀၁၆ ရက်နေ့သတ်မှတ်အချိန်တွင် လက်ခံရရှိခဲ့သည်။

သို့ဖြစ်၍ Consultant ကုမ္ပဏီနှင့် အစုရှယ်ယာရှင် ကိုယ်စားလှယ်များ၏ သုံးသပ်ချက်များ၊ တင်ဒါရွေးချယ်ရေးကော်မတီမှ အကြံပြုချက်များ၊ စီမံခန့်ခွဲရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ စီမံခန့်ခွဲရေးကော်မတီအနေဖြင့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပြုခဲ့သော ဗီယက်နမ်နိုင်ငံ Viettel ကုမ္ပဏီသည် နိုင်ငံခြားမိတ်ဖက် ရွေးချယ်ရေး အနိမ့်ဆုံးအမှတ်ပေးဇယားထက် ပိုမိုကောင်းမွန်သော အမှတ်(၁၆၁၀) ရရှိခဲ့သဖြင့် လျှောက်ထားမှုအောင်မြင်သူအဖြစ် သတ်မှတ်ပြီး ဖက်စပ်ဖွဲ့စည်းရေးလုပ်ငန်းဆိုင်ရာ သဘောတူညီချက် ရရှိရေးအတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးမှုများအား ဆက်လက်ဆောင်ရွက်ခွင့် ပြုနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူထားရှိပြီးဖြစ်သည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ မတ် ၂၅ ရက်တွင် နေပြည်တော်ရှိ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၌ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးဝင်းသန်းနှင့် တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဇော်ဦးတို့က မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲ၌ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

# အမျိုးသားရေးတာဝန်ကို ထာဝစဉ်ထမ်းဆောင်နေသော တပ်မတော်

မောင်သောင်းဝင်း
(တမန်ဟောင်း)

မြန်မာနိုင်ငံသည် ရှည်လျားခိုင်မာသော သမိုင်းကြောင်းများနှင့် ရပ်တည်ခဲ့သည်ကို လူတုပရိုင်းမိတ်ကျောက်ဖြစ် ရုပ်ကြွင်းများက သက်သေပြသလျက်ရှိသည်။ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ခမ်းနားထည်ဝါစွာ နေနိုင်ခဲ့သည်ကိုလည်း ဘုရင့်နောင်၊ အနော်ရထာနှင့်အလောင်းမင်းတရားကြီးတို့၏ ခေတ်ကာလများတွင် မော်ကွန်းတင်ခဲ့သော ခိုင်မာသည့်သမိုင်းအထောက်အထားများ ရှိနေပေသည်။ ထိုခေတ်ထိုအခါက မြန်မာဆိုလျှင် ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံကြီးများကပါ အထင်ကြီးလေးစားတန်ဖိုးထားခဲ့ကြရသည်။

သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ ၁၈၈၆ ခုနှစ် ဇန်ဝါရီလ ၁ ရက်နေ့တွင် သူ့ကျွန်ဘဝသို့ လုံးဝကျရောက်ခဲ့ရပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးပြန်လည်ရရှိသည့်အချိန်အထိ သူ့ကျွန်ဘဝအောက်တွင် နှစ်ပေါင်း ၁၂၀ ကျော်နေခဲ့ရသည်။ ထိုကာလများသည် ပြည်သူများအတွက် ခါးသီးသောနေ့ရက်များပင်ဖြစ်သည်။ ထိုသို့ဆုံးရှုံးသွားသောလွတ်လပ်ရေးကို ပြန်လည်ရရှိရေးအတွက် ပြည်သူများ၏အသက်သွေးချွေးပေါင်း မြောက်မြားစွာပေးဆပ်ခဲ့ရသည်။

ထိုစဉ်က တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်နှင့်အတူ ဟိုင်နန်ကျွန်းတွင် စစ်ပညာကို ဆင်းရဲပင်ပန်းကြမ်းတမ်းစွာ သင်ယူခဲ့ရသည်။

ထို့နောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဦးလွန်းဖေ နေအိမ်၌ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ခန္ဓာကိုပင် ပေးဆပ်ကာ တိုက်ခိုက်သွားမည်ဟု သစ္စာဆိုလျက် လက်မောင်းသွေးဖောက်သောက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army-BIA) ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့နောက် မဟာမိတ်များကို တိုက်ခိုက်ရေးအတွက် မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းများခွဲ၍ ဝင်ရောက်ခဲ့ကြသည်။ ထိုစဉ်က တိုင်းပြည်လွတ်လပ်ရေးအတွက် အသက်ပေးလိုသောပြည်သူများသည် ကိုယ်ကျိုးမဖက်ဘဲ တပ်မတော်အတွင်းသို့ တဖွဲဖွဲဝင်ရောက်ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့၌ ရွှေတိဂုံဘုရား အနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခုတော်လှန်ရေးပန်းခြံနေရာ) တွင် စစ်ထွက်မိန့်ခွန်းပြောကြားခဲ့ရာ၌ "မြန်မာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ" ဟု အလေးအနက်ထား ပြောကြားခဲ့သည်။ ထိုနှစ် မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် ဖက်ဆစ်များကို အတိအလင်း စစ်ကြေညာကာ မြန်မာ့သမိုင်းတွင် ထာဝရထင်ရှားနေမည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ဆင်နွှဲခဲ့ပါသည်။

ထို့ကြောင့် တပ်မတော် အင်အားကြီးထွားလာမှုကို ဖက်ဆစ်များနှင့် နယ်ချဲ့တို့ပင် ဖိမ့်ဖိမ့်တုန်ခဲ့ရသည်။ နိုင်ငံတစ်နိုင်ငံအပေါ် ရေရှည်ထိန်းချုပ် ကျွန်ပြုလိုသူများသည် ထိုနိုင်ငံ၏ကာကွယ်ရေး အင်အားချည့်နဲ့နေအောင် အမျိုးမျိုးကြံစည် ဆောင်ရွက်လေ့ရှိကြသည်။ နယ်ချဲ့တို့၏စဉ်းလဲကောက်ကျစ်သော သဘောသဘာဝကို ကောင်းစွာသိရှိထားသော မျိုးချစ်မြန်မာများသည် တပ်မတော်ကို အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းပြီး အင်အားတောင့်တင်းခိုင်မာအောင် စုဖွဲ့လေ့ကျင့်ကာ လွတ်လပ်ရေးပြန်လည်ရရှိသည်အထိ ကြိုးပမ်းနိုင်ခဲ့ကြသည်။

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိမှုနှင့်အတူ ပြည်တွင်းသောင်းကျန်းမှုများလည်း ဖြစ်ပေါ်လာခဲ့သည်။ ၁၉၄၈၊ ၁၉၄၉၊ ၁၉၅၀ ပြည့်လွန်ကာလများတွင် ပြည်တွင်းရောင်စုံသောင်းကျန်းသူများက နေရာဒေသအသီးသီးကို သိမ်းပိုက်ထားခဲ့သည်။ ထိုစဉ်က အာဏာရဖဆပလအစိုးရသည် ရန်ကုန်မြို့ ကွက်ကွက်ကလေး၌သာ အာဏာစက်ရှိခဲ့သည်။ သောင်းကျန်းသူများသည် ရန်ကုန်မြို့ကိုပင် သိမ်းရန်ကြိုးပမ်းလာသဖြင့် တပ်မတော်သည် ရှိသမျှအင်အားကို စုစည်း၍ သောင်းကျန်းသူတို့ ထိန်းချုပ်မှုအောက်တွင် ရောက်ရှိနေသောမြို့များကို ပြန်လည်တိုက်ယူ၍ နိုင်ငံတော်ကိုကာကွယ်ခဲ့ရပါသည်။ ထို့အပြင် တပ်မတော်သည် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာသည့် ပြည်ပကျူးကျော်သူ တရုတ်ဖြူများကိုလည်း ၁၉၅၂ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ စစ်ဆင်ရေးကြီးများဆင်နွှဲပြီး မြန်မာ့မြေပေါ်မှ တွန်းလှန်တိုက်ထုတ်ကာကွယ်ခဲ့ရပါသည်။

ထို့နောက် တပ်မတော်သည် ၁၉၅၈ ခုနှစ် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံတော်ကို "အိမ်စောင့်အစိုးရ" အဖြစ် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများ ဆောင်ရွက်ကာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပပေးပြီး တက်ရောက်လာသောအစိုးရအဖွဲ့အား ဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို ပြန်လည်အပ်နှံပေးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင်လည်း အဘက်ဘက်မှ ယိုယွင်းချည့်နဲ့၍ ချောက်ကမ်းပါးအတွင်း ကျရောက်အံ့ဆဲဆဲ နိုင်ငံတော်ကိုကယ်တင်ရန်အတွက် တပ်မတော်သည် "တော်လှန်ရေးကောင်စီ"ကို ဖွဲ့စည်းကာ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရပြန်သည်။

ထို့အပြင် ၁၉၈၈ ခုနှစ်တွင် ထိတ်လန့်ဖွယ်ကောင်းသည့် အရေးအခင်းများကြောင့် တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် "နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့" ဟူ၍ ဖွဲ့စည်းဖြစ်တည်ခဲ့ရပြန်သည်။

ထို့နောက် ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ"ဟူ၍ပြင်ဆင်ဖွဲ့စည်းကာ ၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့်လမ်းပြမြေပုံကို ချမှတ်ခဲ့သည်။ ထိုလမ်းပြမြေပုံနှင့်အညီ အမျိုးသားညီလာခံကြီးကျင်းပပြီး အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပြုစုနိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများ ကျင်းပ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ခဲ့သည်။ တပ်မတော်သည် ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့သည်။ ထိုရွေးကောက်ပွဲများတွင် ရွေးချယ်ခံခဲ့ရသည့် ရွေးကောက်ခံအမတ်များဖြင့် လွှတ်တော်များခေါ်ယူကာ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဒီမိုကရေစီအစိုးရသို့ တိုင်းပြည်အုပ်ချုပ်ရေးအာဏာကို ညင်သာချောမွေ့စွာ လွှဲပြောင်းပေးနိုင်ခဲ့သည်။

တပ်မတော်သည် ပါတီစုံဒီမိုကရေစီအစိုးရလက်ထက်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ အစိုးရ၊ ပြည်သူတို့နှင့်အတူ အားတက်သရော လက်တွဲဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီအစိုးရလက်ထက်တွင် နယ်ပယ်ပေါင်းစုံ၌ ပြုပြင်ပြောင်းလဲမှုများနှင့် ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့သဖြင့် ပြည်ပနိုင်ငံများနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်လာခဲ့သည်။ ထိုအကျိုးဆက်အနေဖြင့် နိုင်ငံတကာမှ ပိတ်ဆို့မှုများ ရုပ်သိမ်းပေးလိုက်သောကြောင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ တဖွဲဖွဲဝင်ရောက်လာခဲ့သည်။

သို့သော်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ကျယ်ကျယ်လောင်လောင် ပြောဆိုတောင်းဆိုမှုများရှိလာခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံတွင် အဓိကကျသော ဥပဒေတစ်ရပ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၄ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၀၈ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ရေးဆွဲပြဋ္ဌာန်းခဲ့ပေသည်။ ထိုအခြေခံဥပဒေသုံးရပ်အနက် ၁၉၄၇ ခုနှစ် အခြေခံဥပဒေသည် ၁၉၄၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်

> **တပ်မတော်သည် အမျိုးသားရေးတာဝန်များကို အတိတ်ကာလက ကျေပွန်စွာထမ်းဆောင်ခဲ့သလို မျက်မှောက်ကာလတွင်လည်း သတိကြီးစွာဖြင့် ထမ်းဆောင်လျက်ရှိသည့်အပြင် အနာဂတ်ကာလ၌လည်း မလွဲမသွေ ကာကွယ်ထမ်းဆောင် သွားမည်သာ**

အထိ ၁၅ နှစ် ကြာမြင့်ခဲ့ပြီး ၁၉၇၄ ခုနှစ် အခြေခံဥပဒေသည် ၁၉၈၈ ခုနှစ်အထိ ၁၄ နှစ် ကြာမြင့်ခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၄၇ ခုနှစ် အခြေခံဥပဒေနှင့်လည်းကောင်း၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေနှင့် လည်းကောင်း တူညီခြင်းမရှိဘဲ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဖြတ်သန်းခဲ့သောသမိုင်းကြောင်းကိုအခြေခံ၍ ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင် သမိုင်းဖြစ်စဉ်များကို လျစ်လျူရှုထား၍မရနိုင်ချေ။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ အခန်း (၁၂)တွင်လည်း အတိအလင်းပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်တွင် ဖြည့်စွက်ပြင်ဆင်သင့်သည့် ဥပဒေများကို သင့်တော်သည့်အချိန်ကာလတစ်ခုတွင် ဖြည့်စွက်ပြင်ဆင်ခြင်းမျိုး ဆောင်ရွက်လေ့ရှိကြသည်။ နိုင်ငံတကာတွင်လည်း ထိုအလေ့အထမျိုးရှိပါသည်။ ထိုသို့ ချင့်ချိန်ဆောင်ရွက်ခြင်းမျိုးမလုပ်ဘဲ စိတ်ခံစားချက်ကိုသာဦးစားပေးပြီး အလျင်စလိုပြင်ဆင်မည်ဆိုပါက ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် ဖြည့်စွက်ရေးဆွဲရေးလုပ်ငန်းသည် ဘက်ပေါင်းစုံမှ ချင့်ချိန်ဆောင်ရွက်ရမည့် အရေးကြီးတာဝန်တစ်ရပ်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားရှိသည့်အတိုင်း ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားမည်ဆိုသော ခိုင်မာသောသန္နိဋ္ဌာန်သည် သံသယဝင်စရာမလိုသော အရှိတရားပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြသော ကမ္ဘာ့နိုင်ငံများအနက် အောင်မြင်မှုများရှိသလို ပြည်တွင်းစစ်မီးများ တောက်လောင်နေဆဲနိုင်ငံများလည်း ရှိကြသည်။ အထူးသဖြင့် အရှေ့အလယ်ပိုင်း နိုင်ငံများတွင် အစိုးရခေါင်းဆောင်များ ဖြုတ်ချခံရပြီး လက်ရှိအချိန်အထိ ခိုင်မာသောအစိုးရတစ်ရပ်ကိုပင် ဖွဲ့စည်းနိုင်စွမ်းမရှိကြသေးချေ။ ထိုနိုင်ငံများတွင် စည်းကမ်းပြည့်ဝပြီး အင်အားတောင့်တင်းသည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်မရှိသောကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားပြီး စစ်မီးများတောက်လောင်နေဆဲပင်ဖြစ်သည်။ ထိုနိုင်ငံများရှိ ပြည်သူများသည် နေအိမ်စွန့်ခွာကာ ရွှေ့ပြောင်းဒုက္ခသည်များအဖြစ် ရပ်တည်နေကြရပြီး ကြိုးလန့်စာစားဘဝမျိုးမှပင် လွတ်မြောက်နိုင်ခြင်းမရှိကြသေးချေ။

မြန်မာနိုင်ငံတွင်မူ ဒီမိုကရေစီအစိုးရ စတင်တာဝန်ထမ်းဆောင်သည့်အချိန်မှစ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးကမ်းလှမ်းပြီး ဆွေးနွေးပွဲများပြုလုပ်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင်လည်း နေပြည်တော်၌ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပနိုင်ခဲ့သည်။ ထိုညီလာခံကြီး၌ ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သောဆွေးနွေးမှုများမှတစ်ဆင့် ရလဒ်ကောင်းများ ဖော်ထုတ်ခဲ့သည်။

လက်ရှိအချိန်တွင် နှစ်ဖက်တပ်ဖွဲ့များအကြား မလိုလားအပ်သော ထိတွေ့မှုဖြစ်စဉ်များအား ရှောင်ရှားနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့်ဒေသအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအသီးသီး ဖွဲ့စည်းကာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိပေသည်။ ထိုသို့ ငြိမ်းချမ်းရေးလုပ်ငန်းများ တိုးတက်မှုရရှိလာသဖြင့် တိုင်းပြည်အတွင်း သေနတ်သံများ တိတ်ဆိတ်လာပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အဟန့်အတားမရှိ အကောင်အထည်ဖော်နိုင်ပြီဖြစ်သည်။ ထိုအခြေခံကောင်းများသည် အစိုးရ၊တပ်မတော်နှင့် ပြည်သူတို့၏စိတ်ရှည်သည်းခံစွာဖြင့် ဆောင်ရွက်ခဲ့သောကြောင့် ရရှိခဲ့သည့် အောင်မြင်မှုများပင်ဖြစ်သည်။

တပ်မတော်သည် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ကျရာအခန်းကဏ္ဍမှ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ပြည်သူများက ရွေးချယ်ထားသော အမတ်များဖြင့် လွှတ်တော်များ အောင်မြင်စွာ ခေါ်ယူရေးနှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးတွင်လည်းအဖုအထစ်မရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် နိုင်ငံနှင့် နိုင်ငံသားတို့၏ လူမှုဘဝလုံခြုံတိုးတက်ရေးအတွက် ဖွဲ့စည်းပေါ်ပေါက်လာမည့် ဒီမိုကရေစီအစိုးရသစ်နှင့်လည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားမည်မှာ ဧကန်မုချပင်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ရေရှည်အကျိုးအတွက် ရည်ရွယ်ကာ ရေးဆွဲပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ကာကွယ်စောင့်ရှောက်သွားမည်သာ ဖြစ်သည်။ တပ်မတော်သည် အရေးကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ခဲ့သည့် သမိုင်းအထောက်အထားများ အခိုင်အမာရှိနေပါသည်။

ခြုံ၍တင်ပြရလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ကြီးဆီသို့ ညင်သာချောမွေ့စွာ ချီတက်တည်ဆောက်သည်။

ထိုသို့ ဒီမိုကရေစီနိုင်ငံတော်သစ်ကိုချီတက်ရာတွင် နိုင်ငံတကာမှ အသိအမှတ်ပြုရလောက်အောင်ပင် အောင်မြင်မှုများ ရရှိခဲ့သည်။ သို့သော် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မျှ ပြီးပြည့်စုံသော နိုင်ငံရေးစနစ်ကို ဖော်ဆောင်နိုင်စွမ်း မရှိသေးချေ။

မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေရှိအောင် အချိန်ယူရေးဆွဲပြီး ပြည်သူများက တစ်ခဲနက်ထောက်ခံထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ပေးရန် တောင်းဆိုမှုများ ထွက်ပေါ်လျက်ရှိသည်။ အချိန်တိုကာလအတွင်း အကြိမ်ကြိမ်ပြင်ဆင်ရေးဆွဲသောဖွဲ့စည်းပုံအခြေခံဥပဒေသည် အားနည်းချက်များရှိနိုင်ပေသည်။

ထို့ကြောင့် တပ်မတော်သည် အမျိုးသားရေးတာဝန်များကို အတိတ်ကာလက ကျေပွန်စွာ ထမ်းဆောင်ခဲ့သလို မျက်မှောက်ကာလတွင်လည်း သတိကြီးစွာဖြင့် ထမ်းဆောင်လျက်ရှိသည့်အပြင် အနာဂတ်ကာလ၌လည်း မလွဲမသွေကာကွယ်ထမ်းဆောင်သွားမည်သာ ဖြစ်ပါကြောင်း ၂၀၁၆ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် (၇၁) နှစ် မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးသားတင်ပြအပ်ပါသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမည်စာရင်းအဆိုပြုတင်ပြ

**နေပြည်တော် မတ် ၂၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူထံမှ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်ဦးရေ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ အမည်စာရင်းအဆိုပြုတင်သွင်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများတိုးချဲ့ခြင်း၊ ပယ်ဖျက်ခြင်း၊ နယ်နိမိတ်ဧရိယာ ပြင်ဆင်ခြင်းနှင့် အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကရင်ပြည်နယ် မြဝတီမြို့၌ ရပ်ကွက် ငါးရပ်ကွက် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းပြီး ရပ်ကွက်နှစ်ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ဘားအံခရိုင် ဘားအံမြို့နယ် စံဖရီးကျေးရွာအုပ်စုတွင် ငြိမ်းချမ်းသာယာကျေးရွာတစ်ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကန့်ဘလူခရိုင်နှင့် ရွှေဘိုခရိုင်ကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျေးရွာ ၃၂ ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ရပ်ကွက်တစ်ရပ်ကွက်၊ ကျေးရွာတစ်ရွာ နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ရပ်ကွက်လေးရပ်ကွက်ပါဝင်သော ရေနီမြို့နှင့် ရပ်ကွက်ငါးရပ်ကွက်ပါဝင်သော မြို့လှမြို့တို့ကို တိုးချဲ့ဖွဲ့စည်းပြီး ကျေးရွာအုပ်စုသုံးအုပ်စုနှင့် ကျေးရွာ ၂၃ ရွာကို ပယ်ဖျက်ခြင်းနှင့် ပဲခူးခရိုင် ကဝမြို့နယ်၌ အောင်ပင်သာကျေးရွာအုပ်စုတစ်အုပ်စု တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း။

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် နောင်လေကျေးရွာအုပ်စုနှင့် ထီဖောင်းကျေးရွာအုပ်စုတို့မှ စုစုပေါင်း မြေဧရိယာ ၃၉၈ ဒသမ ၃၄၄ ကို တောင်ကြီးမြို့ နယ်နိမိတ်ဧရိယာအတွင်းသို့ လည်းကောင်း၊ ဘန့်ကွေးကျေးရွာအုပ်စုမှ မြေဧရိယာ ၃၄ ဒသမ ၁၄ ဧကကို အေးသာယာမြို့ နယ်နိမိတ်ဧရိယာအတွင်းသို့ လည်းကောင်း ထည့်သွင်းဖွဲ့စည်းခြင်းနှင့် နောင်လေ၊ ထီဖောင်းနှင့် ဘန့်ကွေးကျေးရွာအုပ်စု နယ်နိမိတ်ဧရိယာများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်ခရိုင် ငပုတောမြို့၌ ရပ်ကွက် နှစ်ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာသုံးရွာ ပယ်ဖျက်ခြင်း၊ ရပ်ကွက်တစ်ရပ်ကွက်၊ ကျေးရွာအုပ်စုတစ်အုပ်စု နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စုတစ်အုပ်စု အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ဟသ်ာတခရိုင်လေးမျက်နှာမြို့နယ်၌ ခတ္တာနှင့် သောင်ဘုတ်ကျေးရွာအုပ်စု နှစ်အုပ်စု တိုးချဲ့ပြင်ဆင် ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၄တို့နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ဦးလှသိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့်တို့ပါဝင်သော စုစုပေါင်းငါးဦးဖြင့် ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက မတ် ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ အဆိုပြုတင်ပြထားကြောင်း အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မတ် ၂၆ ရက် နောက်ဆုံးထား၍ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို မတ် ၂၈ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန်လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမည်စာရင်း**

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးလှသိန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်မြင့် | အဖွဲ့ဝင် |
| ၃။ | ဦးစိုးရယ် | ။ |
| ၄။ | ဦးထွန်းခင် | ။ |
| ၅။ | ဦးလှတင့် | ။ |

# အမှတ်(၃၁) အကြီးစားစက်ရုံ(သရက်)စီမံကိန်း၌ IFC မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများဆွေးနွေး

**နေပြည်တော် မတ် ၂၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား International Finance Corporation (IFC) မှ Country Manager Mr. Vikram Kumar ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၄ ရက် မွန်းတည့် ၁၂ နာရီက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး စက်မှုဝန်ကြီးဌာနနှင့် Myanmar Jidong Cement Co., Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အမှတ်(၃၁) အကြီးစားစက်ရုံ (သရက်) စီမံကိန်း၌ IFC မှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# စင်ကာပူ-မြန်မာ လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မတ် ၂၅**

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှ ဒုတိယသံရုံးအကြီးအကဲ/သံမှူးကြီး Mr. KOH CHEE CHIAN အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-2) ဥက္ကဋ္ဌရုံးခန်း၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လွှတ်တော်များရှိ လွှတ်တော်ကိုယ်စားလှယ်များ အချင်းချင်း လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစတီဖန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ဆောင်ရွက်လိုသည့် အကြံပေးလုပ်ကိုင်သူများ ကြားကာလမှတ်ပုံတင် လျှောက်ထားနိုင်

**နေပြည်တော် မတ် ၂၅**

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA)၊ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination - IEE) နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) ဆောင်ရွက်လိုသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် အကြံပေးလုပ်ကိုင်သူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကြားကာလ သက်သေခံလက်မှတ်ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၃) ၌ ကြားကာလ သက်သေခံလက်မှတ် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းအမျိုးအစားနှင့် ပမာဏအပေါ်မူတည်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အား စီမံကိန်းလုပ်ငန်းများ စတင်ခြင်းမပြုမီကပင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အဆိုပါ ဆန်းစစ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းအဆိုပြုသူလုပ်ငန်းရှင် သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ခြင်းမရှိသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအား စီမံကိန်းအဆိုပြုသူလုပ်ငန်းရှင်က ငှားရမ်းဆောင်ရွက်စေရမည်ဖြစ်ကြောင်း၊ အဆိုပါ တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၇) အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် လုပ်ငန်းလိုင်စင် လျှောက်ထားရန်နှင့် လုပ်ထုံးလုပ်နည်းအပိုဒ် ၂၁ (ခ)အရ လုပ်ထုံးလုပ်နည်း မထုတ်ပြန်မီက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ဆဲပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် လုပ်ထုံးလုပ်နည်းထုတ်ပြန်ခဲ့သည့်ရက်မှ သုံးလအတွင်း လုပ်ငန်းလိုင်စင်ရယူရန်လိုအပ်ကြောင်း သိရသည်။

ဆန်းစစ်ခြင်းလုပ်ငန်းများဆောင်ရွက်လိုသည့် အကြံပေးပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကြားကာလသက်သေခံလက်မှတ်ရယူနိုင်ရေးအတွက် ကြားကာလအကြံပေးလုပ်ကိုင်သူများမှတ်ပုံတင်ပုံစံတွင် ပြည့်စုံစွာဖြည့်စွက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၃) နေပြည်တော်သို့ လျှောက်ထားနိုင်ပြီဖြစ်ကြောင်းနှင့် အဆိုပါကြားကာလမှတ်ပုံတင်လျှောက်ထားခြင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Website ဖြစ်သော www.ecd.gov.mm တွင် ဖော်ပြထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ- အိန္ဒိယချစ်ကြည်ရေး လေရှီး - ဖူကြူရီ လမ်းသစ်ဖွင့်

**လေရှီး မတ် ၂၅** စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်နှင့် အိန္ဒိယနိုင်ငံ နာဂလန်းပြည်နယ် ဖူကြူရီဒေသသို့ ဆက်သွယ်ထားသည့် မြေသားလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီက မြန်မာ-အိန္ဒိယ နယ်စပ်ချောင်းပေါ်၌ကျင်းပခဲ့ကြောင်း သိရသည်။

ချစ်ကြည်ရေးလမ်းဖွင့်ပွဲအခမ်းအနားတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှူစံကြူး၊ အိန္ဒိယနိုင်ငံ နာဂလန်းပြည်နယ် ဖူကြူရီဒေသ ဦးစီးဥက္ကဋ္ဌ Mr. KamSam 30 AC President နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြန်မာ-အိန္ဒိယနှစ်နိုင်ငံဘက်မှ ဒေသခံများ တက်ရောက်ကြသည်။ အဆိုပါလမ်းသစ်ကို အိန္ဒိယနိုင်ငံ၏ကူညီမှုဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ကြီးကြပ်ကာ စာရာမေရိအားမာန် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင်စတင်ဖောက်လုပ်ခဲ့ရာ ယခုနှစ် မတ် ၂၀ ရက်က ဖောက်လုပ်ပြီးစီးသဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၆ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❖ ရွှေဖုံးမှ

ဦးစီးဦးဆောင်ပြုပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည့် စစ်ဘက်နယ်ဘက်မှ ဘွဲ့တံဆိပ် မရရှိကြသေးသော ပုဂ္ဂိုလ်များကို ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်သည့် အခမ်းအနားဖြစ်ပါကြောင်း။

မိမိတို့အစိုးရသည် နှစ်ပေါင်း ၅၀ ခန့် အဆက်ပြတ်နေခဲ့သည့် ဒီမိုကရေစီစနစ်ကို တိုင်းပြည်တွင် စတင်အကောင်အထည် ဖော်ကြရသည့် အစိုးရအဖွဲ့ဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို လမ်းခင်းပေးခဲ့သည်မှာ တပ်မတော်အစိုးရဖြစ်ပြီး အကောင်အထည် ဖော်ကြရသူများသည် မိမိတို့အစိုးရအဖွဲ့ အကြီးအကဲများနှင့် တပ်မတော်အကြီးအကဲများပင် ဖြစ်ပါကြောင်း။

မိမိတို့တွင် ဒီမိုကရေစီအတွေ့အကြုံ အလေ့အကျင့်များ နည်းပါးကြသော်လည်း ပြည်သူများ၏ တူညီသည့်ဆန္ဒ(၂)ရပ်ကို ဖော်ထုတ်ပြီး ထိုဆန္ဒ(၂)ရပ်ကို ရည်မှန်းချက်တာဝန်အဖြစ် ဦးထိပ်ပန်ဆင်ကာ တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည့်အတွက် ငါးနှစ်တာကာလအတွင်း သိသာမြင်သာသည့် အောင်မြင်မှုများ ရရှိခဲ့သည်မှာ မည်သူမျှ ငြင်း၍မရသည့် ပကတိအခြေအနေမှန်ပင် ဖြစ်ပါကြောင်း။

မိမိတို့တစ်တွေ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းဖြင့် ယခုကဲ့သို့ အောင်မြင်မှုများရရှိအောင် ဆောင်ရွက်နိုင်ခြင်းသည် တပ်မတော်၏ ကျေးဇူးများစွာ ရှိခဲ့ပါကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးအတွက် ငါးနှစ်တာကာလအတွင်း တပ်မတော်သား အရာရှိ၊ အရာခံ၊ အကြပ် တပ်သားအများအပြားသည် အသက်များ စွန့်လွှတ်ခဲ့ကြရသည့်အပြင် ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများလည်း စွန့်လွှတ်ခဲ့ကြရပါကြောင်း၊ ယခုကဲ့သို့ အသက်နှင့်ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ကြရသည့် တပ်မတော်သား အများအပြားကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း။

ထို့ကြောင့် တိုင်းပြည်၏တာဝန်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် နယ်ဘက်တာဝန်များကို ဦးစီးဦးဆောင်ပြုပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အကြီးအကဲများကို မိမိတို့အစိုးရသက်တမ်း ကာလအတွင်း ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ပါကြောင်း။

ထိုသို့ ချီးမြှင့်ခဲ့ရာတွင် ၂၀၁၂ ခုနှစ်က အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ တစ်ဦး၊ သတိုးသီရိသုဓမ္မဘွဲ့ တစ်ဦး၊ မဟာသီရိသုဓမ္မဘွဲ့ လေးဦး၊ မဟာသရေစည်သူဘွဲ့ ကိုးဦး၊ သရေစည်သူဘွဲ့ ကိုးဦး၊ စည်သူဘွဲ့ ၃၀၊ သီရိပျံချီဘွဲ့ ၆၀ ၊ ဇေယျကျော်ထင်ဘွဲ့ ၄၄ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၈၂ ဦးတို့ကို အခမ်းအနားဖြင့် ချီးမြှင့်ပေးအပ်ခဲ့ပါကြောင်း။

၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်က ဘွဲ့တံဆိပ်များကို အခမ်းအနားဖြင့် မပေးအပ်နိုင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်က ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့ဖြစ်သည့် သရေစည်သူဘွဲ့ တစ်ဦး၊ သီဟသူရဘွဲ့ တစ်ဦးနှင့် သူရဘွဲ့ ကိုးဦးတို့ကို အခမ်းအနားဖြင့် ချီးမြှင့်ပေးအပ်ခဲ့ပါကြောင်း။

ယခု ၂၀၁၆ခုနှစ်တွင် နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် ဦးစီးဦးဆောင်ပြုခဲ့ကြသည့် ဘွဲ့တံဆိပ်မရကြသေးသော ပြည်ထောင်စုဝန်ကြီး ၁၄ ဦး၊ ပြည်ထောင်စုဝန်ကြီးအဆင့် ပုဂ္ဂိုလ်သုံးဦးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် လေးဦးတို့ကို သီရိပျံချီဘွဲ့ ပေးအပ်မည်ဖြစ်ပြီး တပ်မတော်မှ အကြီးအကဲများအား မဟာသရေစည်သူဘွဲ့ တစ်ဦးနှင့် ဇေယျကျော်ထင်ဘွဲ့ ၅၄ ဦး ချီးမြှင့်ပေးအပ်မည် ဖြစ်ပါကြောင်း။

ယခုရရှိကြသည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များသည် မိမိတို့ အစိုးရသက်တမ်းကာလအတွင်း မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများအတွက် ဂုဏ်ယူဖွယ်ရာ အထိမ်းအမှတ်ဖြစ်သည်သာမက မိမိတို့၏ သားစဉ်မြေးဆက်တိုင် ဂုဏ်ယူကြရမည့် သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ မြန်မာလူမျိုးများ၏ ကောင်းမြတ်သည့် အစဉ်အလာလည်း ဖြစ်ပါကြောင်း၊ ဂုဏ်ပြုခံရသူများအနေဖြင့်လည်း မှတ်တမ်းတင်ခံရသည့် မိမိတို့၏သမိုင်းကို အစွန်းအထင်း မရှိကြရလေအောင် ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၆ ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းသော မဟာသရေစည်သူဘွဲ့ရရှိသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မဟာသရေစည်သူဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ၂၀၁၆ ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းသော သီရိပျံချီဘွဲ့ရရှိသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဦးစိုးဝင်း၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာမြင့်အောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဦးဌေးအောင်နှင့် ဒေါက်တာကိုကိုဦး၏ဇနီး၊ ဒေါက်တာမြအေး၏ဇနီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမျိုးမြင့်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြတို့အား သီရိပျံချီဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ၂၀၁၆ ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းသော ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၅၄ ဦးကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဇေယျကျော်ထင်ဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ရရှိကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။ **(သတင်းစဉ်)**

ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ မြန်မာလူမျိုးများ၏ ကောင်းမြတ်သည့် အစဉ်အလာလည်း ဖြစ်ပါကြောင်း၊ ဂုဏ်ပြုခံရသူများအနေဖြင့်လည်း မှတ်တမ်းတင်ခံရသည့် မိမိတို့၏ သမိုင်းကို အစွန်းအထင်းမရှိကြရလေအောင် ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မဟာသရေစည်သူဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးကိုယ်စား ဇနီးအား သီရိပျံချီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

# ၂၀၁၆ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်းအခမ်းအနား မြင်ကွင်းပုံရိပ်များ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား သီရိပျံချီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းအား သီရိပျံချီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား သီရိပျံချီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီအား သီရိပျံချီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်အား သီရိပျံချီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်အား သီရိပျံချီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမျိုးမြင့်အား သီရိပျံချီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြအား သီရိပျံချီဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

# ပြည်သူလူထုအားကိုးရမယ့် သတင်းနဲ့တူတဲ့ သတင်းစာအဖြစ်ရပ်တည်သွားမယ်ဆိုရင် ပြည်သူအားလုံးက နားလည်လက်ခံနိုင်မယ်လို့ယုံကြည်

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၁၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် ထူးချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်တို့ရှိ ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။ နှစ်ပေါင်း ၁၀၂ နှစ် သက်တမ်းရှိ မြန်မာနိုင်ငံ၏ သက်တမ်းရင့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ပင်တိုင်ရေးသားကြသည့် ဆောင်းပါးရှင်များ၊ သတင်းစာတိုက်အတွက် သတင်းတင်ဆက်မှုကို အထောက်အကူပြုနေသည့် မြို့နယ်သတင်းထောက်များနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများ တက်ရောက်ကြသည်။ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့သည် နိုင်ငံပိုင်သတင်းစာများအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်လာခဲ့ကြရာ ပြောင်းလဲလာသည့် ဒီမိုကရေစီနိုင်ငံရေးစနစ်နှင့်အညီ အသွင်ကူးပြောင်းရန် ဝန်ထမ်းများအားလုံး စုပေါင်းကြိုးပမ်းလျက်ရှိသည့် အထိမ်းအမှတ်အဖြစ် သတင်းဆောင်းပါးထူးချွန်ဆုများနှင့် သတင်းဓာတ်ပုံထူးချွန်ဆုများ၊ ဂုဏ်ပြုဆုများကိုပေးအပ်ခဲ့ကြပြီး အဆိုပါအခမ်းအနားတွင် အနာဂတ်၌ နိုင်ငံပိုင်သတင်းစာများ ဆက်လက်လျှောက်လှမ်းကြရမည့်အပေါ် မျှော်လင့်ချက်များနှင့် တက်ရောက်လာကြသူများ၏ ဝေဖန်ထောက်ပြမှုများ အပါအဝင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၏ အခန်းကဏ္ဍအကြောင်းကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ သီသီမင်း၊ သိမ့်သိမ့်မိုး**
**ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)**

ဘယ်လောက်ဖတ်ရဖတ်ရ အစိုးရသတင်းစာကတော့ လက်လွှတ်လို့မရသေးပါဘူး။ လိုအပ်တာလေးရှိရင်၊ ကိုးကားချင်တာလေးရှိရင် သတင်းစာနှစ်စောင်ကို အားကိုးနေရဆဲပါပဲ။


ဦးဟန်ညွန့်(ဥပဒေ)


သိပ္ပံစာရေးဆရာ ကိုကိုအောင်


ဦးမြင့်စိုး(နတလ)


ဦးစိုင်းသာလှိုင်


ဦးတင်ဝင်း


ဦးလွင်

**ဦးဟန်ညွန့်(ဥပဒေ)**
**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ**

ကျွန်တော့်အမြင်ပြောရရင် မြန်မာ့အလင်းတို့၊ ကြေးမုံတို့ဆိုတာ ပြည်သူတွေအတွက် ဘယ်တော့မှ မရှိုးနိုင်တဲ့ သတင်းစာတွေဖြစ်ပါတယ်။ အခုခေတ်ကာလမှာ သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာတာကြောင့် ပုဂ္ဂလိကသတင်းမီဒီယာတွေ အများကြီး ပေါ်ထွက်လာတာကို ဝမ်းသာစရာအဖြစ် မြင်တွေ့ရပါတယ်။ အဓိကကတော့ သတင်းစာဆိုတာ ပြည်သူ့ဝေဖန်ချက်တွေကို တင်ဆက်နိုင်ရမယ်။ သတင်းစာသည် ပြည်သူတို့၏ နားနဲ့ မျက်စိတွေဖြစ်တယ်လို့ မြင်ပါတယ်။ အမှားနဲ့ အမှန်ကို ခွဲခြားသိနိုင်ဖို့အတွက် ပြည်သူတွေက နားနဲ့ မျက်စိကို အသုံးပြုရပါတယ်။ သတင်းစာတိုင်းသည် သတင်းစာပီသစွာ ရပ်တည်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ သတင်းစာဆိုတာ နိုင်ငံတော်ရဲ့ ပြန်တမ်းမဟုတ်သလို အစီရင်ခံစာလည်း မဟုတ်ပါဘူး။ ဖျော်ဖြေရေးကဏ္ဍတွေလည်း ထည့်သင့်ရင် ထည့်ရပါမယ်။ ပြည်သူလူထုအားကိုးအားထားရမယ့် အာဘော်၊ သတင်းနဲ့တူတဲ့ သတင်းစာတစ်စောင်အဖြစ် ရပ်တည်သွားမယ်ဆိုရင် ပြည်သူအားလုံးကလည်း နားလည်လက်ခံမယ်လို့ ယုံကြည်ပါတယ်။ ပြည်သူကို ဘယ်လောက်အကျိုးပြုနိုင်မလဲ။ ဝေးကွာတဲ့ဒေသက တိုင်းရင်းသားတွေကို ကိုယ်စားပြုလား၊ မသန်စွမ်းတွေ အတိဒုက္ခကြုံနေရသူတွေ၊ စာပေအာဟာရချို့တဲ့သူတွေ စသည်ဖြင့် လူသားအားလုံးကို ကိုယ်စားပြုနိုင်သလား၊ ဒါမှမဟုတ် လူငယ်လူရွယ်တွေအတွက်ရော စာပေခွန်အားပေးနိုင်မလား စတာတွေကို အဘက်ဘက်ကဖြည့်ဆည်းပေးပြီး ပြည်သူလူထုကို အမှန်တကယ် ကိုယ်စားပြုသော၊ ပြည်သူလူထုကို မမေ့မလျော့သော၊ သတင်းစာအတတ်ပညာ ပီသသောသတင်းစာများအဖြစ် ဆက်လက်ချီတက်သွားနိုင်မယ်လို့ ထင်ပါတယ်။ ဒါ့ကြောင့် မြန်မာ့အလင်းနဲ့ ကြေးမုံ ပြည်သူလူထုကို ကိုယ်စားပြုနိုင်ပါစေလို့ အကြံပြုလိုက်ပါတယ်။

**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

သတင်းစာဆိုတာ အားလုံးပူးပေါင်းပါဝင်ရေးသားနိုင်အောင် လမ်းဖွင့်ပေးထားရမယ့် စာမျက်နှာများဖြစ်တယ်လို့ ဆရာထင်ပါတယ်။ အခုဆရာက မြန်မာ့အလင်းမှာ ပုံမှန်ဆောင်းပါးတွေရေးပါတယ်။ မြန်မာ့အလင်းအပြင် အခြားသတင်းစာနဲ့ ဂျာနယ်တွေမှာလည်း အပတ်စဉ်ရေးသားသူဖြစ်ပါတယ်။ ဆရာ့အမြင်ကတော့ သတင်းစာမှာ တင်ပြတာ၊ ဖော်ပြတာ မှန်ကန်မှု၊ မျှတမှုကို အလေးပေးပါ။ ပြည်သူလူထုက သတင်းစာမှာပါရင် အမှန်ထင်တတ်ကြတာမို့ ဂရုစိုက် ထိန်းကျောင်းသွားစေချင်တယ်။ နိုင်ငံတိုင်းမှာမဟုတ်ပေမယ့် အချို့နိုင်ငံတွေမှာ နိုင်ငံပိုင်သတင်းစာဆိုပြီး ရှိပါတယ်။ သို့သော် သတင်းစာဆိုတာ ဆိုရှယ်လစ်စနစ်တို့ ကွန်မြူနစ်စနစ်တို့စတဲ့ တစ်ပါတီအာဏာရှင်ဆန်တဲ့ နိုင်ငံတွေမှာ အစိုးရကကြီးကြပ်ပြီး သတင်းစာတွေထုတ်တယ်။ ဥပမာ ဗီယက်နမ်မှာ ကွန်မြူနစ်ဝါဒကို လုံးဝအထိခိုက်မခံဘူး။ ဥရောပကျပြန်တော့ သတင်းစာလွတ်လပ်ခွင့်ရှိတယ်၊ သို့သော် ထိန်းတော့ထိန်းတယ်၊ လက်ရှိအစိုးရရဲ့မူဝါဒကို ထိန်းနေတာ တွေ့ရတယ်။ ကျန်တာတွေအားလုံးကတော့ အယ်ဒီတာလွတ်လပ်ခွင့်အပြည့်ရှိပါတယ်။ ပင်မမူဝါဒကို ထိခိုက်မခံဘူး၊ အစိုးရကလည်း သတင်းစာတွေ ဖွံ့ဖြိုးဖို့အတွက် ထောက်ပံ့ပေးနေတယ်။ ကျွန်တော့်အမြင်ကတော့ နောင်လာမယ့် အစိုးရလက်ထက်မှာလည်း မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေဟာ ပုံစံမတူတော့မယ့် ရပ်တည်မှုတွေနဲ့ ရှိကိုရှိနေသင့်တယ်လို့ ထင်ပါတယ်။

**ဦးမြင့်စိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ**
**ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

၁၉၉၄ ခုနှစ်မှာ မြင့်စိုး(နတလ)ဆိုတဲ့ ကလောင်ကို သတင်းနဲ့စာနယ်ဇင်းကမွေးဖွားပေးခဲ့တာပါ။ အမျိုးသားရေးနဲ့ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်းပါးတွေကို ရေးခဲ့ပါတယ်။ ခေတ်ကာလ ပြောင်းလာတာနဲ့အမျှ သတင်းနဲ့စာနယ်ဇင်းလည်း ပြောင်းလဲလာတာကို ကျွန်တော်ခံစားရပြီး ကျွန်တော့်ရေးသားမှုတွေကိုလည်း လိုက်ပြောင်းလဲခဲ့တယ်။ မြန်မာ့အလင်းက ၁၉၁၄ ခုနှစ်မှာ စတင်ထုတ်ဝေပါတယ်။ ကြေးမုံက ၁၉၅၇ မှာ စတင်ထုတ်ဝေတာပါ။ ဖြတ်သန်းခဲ့တဲ့ သမိုင်းတစ်လျှောက်မှာ ခေတ်ကိုမီးမောင်းထိုးပြခဲ့တာကို တွေ့ရမှာပါ။ ဆက်လက်ပြီးတော့လည်း နောင်ဖြစ်လာမယ့် အစိုးရလက်ထက်မှာ ခေတ်အလိုက် မီးမောင်းထိုးပြနိုင်လိမ့်ဦးမယ်လို့ ယူဆပါတယ်။ ပြည်သူလူထုအနေနဲ့ သတင်းစာနဲ့ကင်းကွာလို့ လုံးဝမရပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့လည်း သတင်းစာထဲကနေတစ်ဆင့် ပြည်သူတွေရဲ့လိုအပ်ချက်ကို သိဖို့လိုအပ်ပါတယ်။ အဲဒီနေရာမှာလည်း ပုဂ္ဂလိကသတင်းစာတွေထက် ပြည်သူတွေနဲ့သက်ဆိုင်တဲ့ ငွေကြေးတစ်ရပ်နဲ့ ရပ်တည်နေတဲ့ နိုင်ငံပိုင်တွေဆိုရင် ပိုပြီးသမာသမတ်ကျနိုင်မယ်လို့ ထင်ပါတယ်။ မှန်ကန်တဲ့ သတင်းစာပညာကို အသုံးပြုပြီး ပိုမိုပေါင်းစည်းဆောင်ရွက်ရင် မြန်မာ့အလင်း၊ ကြေးမုံဆိုတာ အခု နှစ်တစ်ရာကျော်ကနေ နောင်နှစ်များစွာအထိ တည်တံ့နိုင်မှာပါ။

**ဦးစိုင်းသာလှိုင်**
**သီပေါမြို့နယ်သတင်းထောက်**

နမ့်ဆန်မီးဘေးတုန်းက မြန်မာ့အလင်းသတင်းစာတိုက်က အယ်ဒီတာချုပ်ရဲ့ တာဝန်ပေးချက်အရ ကိုယ်တိုင်သွားရောက်ပြီး သတင်းယူခဲ့ပါတယ်။ နေ့စဉ်လည်း သတင်းဆက်မပြတ်ပေးပို့ခဲ့ပြီး ဆက်သွယ်ရေးခက်ခဲလို့ အင်တာနက်မိတဲ့နေရာကို ပြန်ပြန်ပြီး လာသတင်းပို့နေရတာ အလွန်ပင်ပန်းခဲ့ပါတယ်။ အခုတော့ သတင်းနဲ့စာနယ်ဇင်းနှစ်ပတ်လည်မှာ ကျွန်တော် ဂုဏ်ပြုဆုရလို့ ဝမ်းသာပါတယ်။ ကျွန်တော်က အသက် ၁၈ နှစ်ကတည်းက ဗိုလ်တထောင်၊ မြန်မာ့အလင်းနဲ့ ဟံသာဝတီတို့မှာ သတင်းပေးပို့လာခဲ့တာ အခုဆိုရင် နှစ်လေးဆယ်ကျော်ခဲ့ပါပြီ။ နယ်ကလူတွေက သူတို့နယ်က ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးသတင်းတွေပါရင် သိပ်ဝမ်းသာကြသလို သတင်းစာကို ပိုပြီး ဖတ်ချင်ကြတယ်။ မြန်မာ့အလင်းက နယ်သတင်းကဏ္ဍအားကောင်းလို့ ကျွန်တော်ကိုယ်တိုင်လည်း သတင်းထောက်အနေနဲ့ ပေးပို့သလို ကိုယ်စားလှယ်လည်းရယူထားပြီး သီပေါမြို့နယ်မှာ ဖြန့်ဝေပါတယ်။ ဘယ်အစိုးရတာဝန်ယူယူ သတင်းစာတွေက ကျေးလက်ဒေသက ပြည်သူတွေအတွက် ဆက်လက်ရပ်တည်ပေးနေရဦးမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ဆီမှာ အခြားသတင်းစာတွေရောက်ပေမယ့် အခွင့်အလမ်းက မြန်မာ့အလင်း၊ ကြေးမုံကများတယ်။ သတင်းစာတိုက်တွေကလည်း ငယ်စဉ်ကတည်းက ကျွန်တော့်အသက်မွေးဝမ်းကျောင်း မိသားစုလိုဖြစ်နေပါပြီ။ အခြားသတင်းစာတွေ

> **ဘယ်အစိုးရတာဝန်ယူယူ သတင်းစာတွေက ကျေးလက်ဒေသက ပြည်သူတွေအတွက် ဆက်လက်ရပ်တည်ပေးနေရဦးမယ်လို့ မျှော်လင့်ပါတယ်။**

**ဦးတင်ဝင်း**
**ကြည့်မြင်တိုင်မြို့နယ်သတင်းထောက်**

အပြင်သတင်းစာတွေမှာလည်း ရေးသားပါတယ်။ မြန်မာ့အလင်းနဲ့ ကြေးမုံမှာလည်း သတင်းတွေရေးပါတယ်။ ကျွန်တော်က မြို့နယ်သတင်းထောက်ဆိုပေမယ့် အမာခံသတင်းထောက်ဖြစ်နေတော့ မီးလောင်တာဖြစ်ဖြစ်၊ သဘာဝဘေးဖြစ်ဖြစ် အရေးပေါ်သတင်းတွေမှာ အယ်ဒီတာချုပ်က လှမ်းပြီးခိုင်းတတ်တယ်။ ကျွန်တော်ကလည်း အချိန်မရွေးကြိုးစားပေးပို့လို့ တခြားတိုက်တွေထက် မသာတောင် မလျော့ဘဲတင်ဆက်နိုင်ခဲ့ပါတယ်။ ဒီနှစ်က ကျွန်တော် သတင်းနဲ့စာနယ်ဇင်းကပေးတဲ့ဆု သုံးကြိမ်မြောက်ရတဲ့နှစ် ဖြစ်ပါတယ်။ သတင်းပုဒ်ရေ အများဆုံးရေးသားဖော်ပြခံရမှု ဆုကို ရရှိတာပါ။ သတင်းတစ်ခုဖြစ်လာရင် တခြားပုဂ္ဂလိကသတင်းစာတိုက်တွေထက် နိုင်ငံပိုင်သတင်းစာတွေက နှစ်ပေါင်းများစွာ ရပ်တည်လာခဲ့တာကြောင့် မြို့နယ်သတင်းထောက်အရေအတွက် ပိုများသလို လက်တံလည်း ပိုရှည်ပါတယ်။ အမှန်တကယ် အသုံးချနိုင်မယ်ဆိုရင် အများကြီးတိုးတက်ဖို့ ရှိပါတယ်။ သတင်းထောက်တွေကို အရည်အသွေးမြှင့်ပေးနိုင်မယ်၊ တည့်မတ်စွာ ဆောင်ရွက်ပေးနိုင်မယ့် အယ်ဒီတာတွေရဲ့ အရည်အသွေးတွေ၊ အားထုတ်မှုတွေ ပိုလိုက်မယ်ဆိုရင် မြန်မာ့အလင်းနဲ့ကြေးမုံက အများကြီးအကျိုးပြုမယ်လို့ထင်ပါတယ်။

**ဦးလွင်**
**ဆွာမြို့နယ်သတင်းထောက်**

မြန်မာ့အလင်းက လူကြီးပိုင်းနဲ့ လူလတ်ပိုင်း ပရိသတ်တွေအကြိုက်များပြီး ကြေးမုံကတော့ လူငယ်တွေအကြိုက် ပေါ့ပေါ့ပါးပါးရှိတယ်လို့ ခံစားရပါတယ်။ သတင်းတွေက အရင်ကထက်စာရင် လတ်ဆတ်လာတယ်။ မနက်လင်းတာနဲ့ ကျွန်တော်တို့ဆီမှာတော့ သတင်းစာမျှော်နေကြတယ်။ အခုအချိန်ကလည်း နောက်အစိုးရတက်လာခါနီးဆိုတော့ ဘာတွေထူးသလဲ၊ ဘာတွေလုပ်နေပြီလဲ အသေအချာသိရဖို့ နိုင်ငံပိုင်သတင်းစာကိုပဲ အားကိုးနေရသေးတယ်။ နိုင်ငံပိုင်သတင်းစာတွေ အသွင်တစ်မျိုးနဲ့သွားမယ်ဆိုပြီး တက်လာမယ့် ပြန်ကြားရေးဝန်ကြီးအသစ်ကလည်း မနေ့က အင်တာဗျူးဖြေထားတာ ဖတ်ရပါတယ်။ ကျွန်တော်မြင်တွေ့ချင်တဲ့အသွင်သဏ္ဌာန်ကတော့ ပြည်သူကို အကျိုးပြုတဲ့ သတင်းစာတွေအဖြစ် သူတို့ကိုယ်တိုင်လည်း မားမားမတ်မတ်ရပ်တည်မယ်၊ ပုဂ္ဂလိကသတင်းစာတွေ ဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း ကြိုဆိုမယ်၊ တိုင်းရင်းမီဒီယာတွေလည်း ပိုပြီးပါဝင်လာအောင် စွမ်းဆောင်ပေးမယ့် သတင်းစာတွေ ဖြစ်လာမယ်လို့ ယုံကြည်ထားပါတယ်။

## ဦးနှောက်နှင့် အမြေးရောင်ရောဂါအကြောင်း ဟောပြောမည်

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံဆရာဝန်အသင်းကကြီးမှူး၍ ဦးနှောက်နှင့် အမြေးရောင်ရောဂါအကြောင်း သိကောင်းစရာ ဆေးပညာဆိုင်ရာ ဟောပြောပွဲကို မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ကိုချစ်**



# မြစ်ကြီးနားခရိုင် စုပေါင်းရုံးအဆောက်အအုံသစ်ဖွင့်

**မြစ်ကြီးနား မတ် ၂၅**

ကချင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် မြစ်ကြီးနား ခရိုင် စုပေါင်းရုံးအဆောက်အအုံ သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ဇရာရပ်ကွက် အဆိုပါစုပေါင်းရုံးကြီး၌ ကျင်းပသည်။

ယင်းစုပေါင်းရုံး အဆောက်အအုံသစ်ကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်အောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(ဝဲပုံ)** ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက စုပေါင်းရုံးသစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းအဆောက်အအုံကို ၂၀၁၅-၂၀၁၆ ပြည်နယ်အစိုးရ ရန်ပုံငွေကျပ်သိန်းပေါင်း တစ်သောင်း ငါးထောင်အကုန်အကျခံပြီး လျှင်ဒဏ်ခံနိုင်အောင် ဆောက်လုပ်ခဲ့ကြောင်း၊ ယင်းစုပေါင်းရုံးတွင် ပြည်သူများ၏ လိုအပ်ချက်ကို အချိန်နှင့် တစ်ပြေးညီ ဆောက်လုပ်ပေးနိုင်ရန် One Stop Service ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၅**

မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ မတ် ၂၄ ရက်က နေပြည်တော်(ရုံးချုပ်)၌ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမိသားစုများမှ ငွေကျပ် ၂၀၀၀၀၀၊ အားကစားဝန်ကြီးဌာနမှ ငွေကျပ် ၂၅၀၀၀၀ လက်ခံရရှိသည်။

ကချင်ပြည်နယ်ဦးစီးမှူးရုံး၌ မြစ်ကြီးနားတက္ကသိုလ် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက ငွေကျပ် ၁၀၉၁၈၅၀ နှင့် (OA-011834) စာရင်းသို့ တိုက်ရိုက်လှူဒါန်းသည့် မိုင်းရှူးမြို့နယ် ဌာနဆိုင်ရာများနှင့် ပြည်သူများမှ ငွေကျပ် ၁၂၀၅၀၀၀ တို့ကို လက်ခံရရှိသည်။

သို့ဖြစ်၍ မတ် ၂၄ ရက် ရရှိငွေမှာ ငွေကျပ် ၂၇၄၆၈၅၀ ဖြစ် သဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၂၄ ရက်အထိ လှူဒါန်းရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၃၀၄၃၂၁၂၀၀နှင့် အမေရိကန်ဒေါ်လာ ၄၅၂၅၁ ဒေါ်လာ၊ ယူရို ၅၁၀၊ ယွမ် ၂၄၅၀၊ ဂျပန် ယန်း ၁၄၇၀၀၀ ဖြစ်ပြီး ယင်းရရှိငွေများအနက်မှ ၃၀၂၀၀ ကို မြန်မာငွေဖြင့် လဲလှယ်ရရှိငွေအပါအဝင် ငွေကျပ် ၂၉၉၁၉၆၈၀၀ ကို မီးဘေးသင့်ဒေသများသို့ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်၍ ဖေဖော်ဝါရီ ၁၆ ရက်မှ မတ် ၂၄ ရက်အထိ ထပ်မံ ရရှိခဲ့သည့် ငွေကျပ် ၅၁၂၄၄၀၀ ကျန်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီညှိနှိုင်းစည်းဝေး

**တာချီလိတ် မတ် ၂၅**

မြို့နယ်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီက ဦးစီး၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် (၁)၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဝေါလ်ဗီးရှင်းမြန်မာ(တာချီလိတ်)တို့ ပူးပေါင်းကျင်းပသည့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မတ် ၂၄ ရက်က တာချီလိတ်မြို့ ဆေးခမ်းရပ်ကွက်ရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အမှာစကားပြောကြားပြီး ကလေးသူငယ် အခွင့်အရေးဆိုင်ရာ (TCRC) ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ၊ လူမှုဝန်ထမ်းဦးစီးဌာနက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ CRC ဖြစ်ပေါ်လာပုံ၊ ကလေးသူငယ် လူကုန်တားရဲတပ်ဖွဲ့ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များနှင့် လက်ရှိဖြေရှင်းဆောင်ရွက်လုပ်ကိုင်နေရသည့် မှုခင်းဖြစ်စဉ်များ၊ မြို့နယ်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ်တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ကလေးသူငယ်ကော်မတီအဖွဲ့ဝင်များက ရှေ့ဆက်ဆောင်ရွက်သင့်သည့် ကျန်းမာရေး၊ပညာရေး၊အန္တရာယ်ကင်းရှင်းရေးဆိုင်ရာအချက်အလက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး အစည်းအဝေးတက်ရောက်လာသည့် ရပ်ကွက်/ကျေးရွာကော်မတီဝင်များ၏မေးမြန်းဆွေးနွေးမှုများအပေါ် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်က ပြန်လည်ဖြေကြား ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မြန်မာ့ရုပ်မြင်သံကြား News Channel

**၂၆-၃-၂၀၁၆ (စနေနေ့)**

**နံနက်ပိုင်း**

၆ း ၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၉ း ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁း၁၅ - **ကူးစက်မြန် ဦးနှောက်အမြှေးရောင်ရောဂါအကြောင်း သိကောင်းစရာ**
၁၂း၅၀ - တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၂၀ - တစ်ပတ်အတွင်း လွှတ်တော်သတင်းစဉ်

**ညပိုင်း**

၁၅ း ၃၅ - Hyper Sport
၁၆ း ၃၅ - အလုပ်အကိုင်အခွင့်အလမ်းအစီအစဉ်
၁၇း၁၅ - **ကမ္ဘာ့အကြီးဆုံးစာအုပ်**
၁၈း၂၀ - Graphic Info (Stock Exchange) (အခန်း-၅)
၁၉ း ၁၅ - **ရင်တွင်းရေးပြဿနာ** (အပိုင်း-၂) နိုင်းနိုင်း၊ သင်ဇာဝင့်ကျော်၊ နန်းမြတ်ဖြိုးသင်း(ဒါရိုက်တာ-ဟိန်းစိုး)
၂၀ း ၀၀ - ပြည်တွင်းသတင်း
၂၀ း ၃၅ - **တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်**
- ဂီတတံခါးလေးဖွင့်ပါဦး
- ဂီတသမား၊ ဂီတစကား
- **ဗမာ့အသံမှ မြန်မာ့အသံသို့** (ဂီတစာဆို-ဦးမောင်မောင်လတ်)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့်နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးအသင်းပိုင် မူကြိုကျောင်းများသို့ သင်ထောက်ကူပစ္စည်းများလှူဒါန်း

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့မှ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး အသင်းပိုင်မူကြိုကျောင်းများသို့ ကျောင်းသုံးပရိဘောဂများနှင့် သင်ထောက်ကူပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ပုဇွန်တောင်မြို့နယ် ၅၂ လမ်း အမှတ် ၁၅၉ ရှိ တိုင်းဒေသကြီး မိခင်နှင့်ကလေး အသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်ကလေးအသင်းပိုင် မူကြိုကျောင်းသို့ ကျောင်းသုံး ပရိဘောဂများနှင့် သင်ထောက်ကူပစ္စည်းများပေးအပ်လှူဒါန်းသည်။

ယနေ့လှူဒါန်းသည့်ငွေကျပ် ၄၅၃၀၀၀၀ တန်ဖိုးရှိ ရေခဲသေတ္တာ၊ ပလတ်စတစ်ပုံး ၊ Air Cooler ၊ တီဗွီ၊ အောက်စက်၊ ခြင်ထောင်၊ စောင်၊ ကျောပိုးအိတ်၊ ကလေး စီးလှေ၊ White Board တို့ဖြစ်ကြောင်းသိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# အရည်အသွေးမြင့် ထိုင်းကုန်စည်ပြပွဲဖွင့်

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ ကြီးမှူးကျင်းပသော Top Thai Brands 2016 ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက်က ဒဂုံမြို့နယ် ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) ၌ ကျင်းပသည်။

ပြပွဲကို မတ် ၂၄ ရက်မှ ၂၇ ရက်အထိ လေးရက်တိုင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီ တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**



**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ဝါးခယ်မမြို့နယ် ဘုရားချောင်းကျေးရွာ စက်ရေတွင်း ရေထွက်ရှိမှုကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးကျော်မျိုးအောင်နှင့် တာဝန်ရှိသူများ မတ်လ တတိယပတ်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

မြင့်ဦး(ဝါးခယ်မ)

# မတ် ၂၅ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၆ ခုနှစ် မတ် ၂၅ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁။ | ပေါ်ဆန်း(ဆန်) | ရွှေဘို | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၉၅၀၀ မှ ၅၁၅၀၀ |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၅၀၀ မှ ၄၂၅၀၀ |
| ၃။ | ဧရာ/ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၃၀၀၀ |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၅။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၅၀၀ မှ ၂၅၅၀၀ |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၅၄၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၁၅ မှ ၁၆၇၀ |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မိတ္ထီလာ၊ မင်းဘူး၊ မင်းလှ၊ မြစ်သား၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၆၀ မှ ၆၀၀ |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀ မှ ၄၅၂၅ |
| ၁၁။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၀၀ မှ ၂၃၀၀ |
| ၁၂။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၀၀၀ |
| ၁၃။ | အာလူး | တပ်ကုန်း၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၇၈၀ |
| ၁၄။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၅၀၀ မှ ၁၀၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။



## ရေရှားပါးသည့်ကျေးလက်ဒေသများ ရေရရှိရေးဆောင်ရွက်

**ညောင်ဦး မတ် ၂၅**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ကျော်သူပရဟိတကွန်ရက်အဖွဲ့နှင့် ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စက်စက်ယိုရွာ၌ စက်ရေတွင်းတူးဖော်လျက်ရှိရာ မတ် ၂၃ ရက်က တစ်နာရီ ရေဂါလန် ၁၅၀၀ ဖြင့် စက်ရေတွင်းတူးဖော်မှု အောင်မြင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထို့အပြင် သိန်း ၂၅၀၀ ကျော် ကုန်ကျသည့် မကျီးရွှေကူကန်တော်ကြီးဆည် တူးဖော်ရေးစီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာ၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာနှင့် မြိုင်မြို့နယ်ရှိ ကျေးရွာတစ်ရွာတို့အတွက် စက်ရေတွင်းများတူးဖော်ခြင်း၊ အုတ်ရေလှောင်ကန်များ ဆောက်လုပ်လှူဒါန်းခြင်း၊ အင်ဂျင်စက်၊ လေမှုတ်စက်များလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် စသည့် ကဏ္ဍသုံးရပ်ကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် စက်ရေတွင်းပေါင်း ၆၆ တွင်းကိုလည်းကောင်း၊ ရေလှောင်ကန်များကိုလည်းကောင်း၊ ရေသယ်ယာဉ်များကို လည်းကောင်း လှူဒါန်းလျက်ရှိပြီး ယနေ့အထိ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းကျော် သုံးစွဲလှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ချန်ပီယံလိဂ်ဖလားနှင့်အတူ အာဆင်နယ်ကစားသမားဟောင်း ယွန်းဘတ်တို့ ဖျော်ဖြေပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၇**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ချန်ပီယံလိဂ် UEFA ဖလားနှင့်အတူ ကမ္ဘာကျော် ဘောလုံးသမား ဖရက်ဒရစ်ယွန်းဘတ်အား ကြိုဆိုပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

"ချန်ပီယံလိဂ်ပြိုင်ပွဲတွေကို တီဗွီကနေတစ်ဆင့် အမြဲတမ်းကြည့်ရှုနေရပေမယ့် ပြိုင်ပွဲကျင်းပရာနေရာတွေကို ကိုယ်တိုင်သွားရောက်အားမပေးနိုင်သေးတဲ့ မြန်မာပရိသတ်တွေနဲ့ တွေ့ဆုံရတာ စိတ်လှုပ်ရှားစရာကောင်းပါတယ်။ ပြည်တွင်းပရိသတ်တွေအနေနဲ့ ဖလားကို အခုလိုမျက်မြင်ကိုယ်တွေ့ တွေ့မြင်ခွင့်ရတာဟာ တကယ့်ကို အဖိုးမဖြတ်နိုင်တဲ့အရာဖြစ်ပါတယ်"ဟု UEFA ချန်ပီယံလိဂ်ပြိုင်ပွဲများတွင် ပွဲစဉ်ပေါင်း ၆၅ ပွဲ၊ ရဂိုး ၁၄ ဂိုးသွင်းခဲ့သူ ဖရက်ဒရစ်ယွန်းဘတ်ကပြောသည်။ ယွန်းဘတ်သည် ကစားချိန်အများစုကို အာဆင်နယ်အသင်းနှင့်အတူဖြတ်သန်းခဲ့ပြီး ပရီမီယာလိဂ်မှ ဆုတံဆိပ်နှစ်ခု၊ အက်ဖ်အေဖလား ဆုတံဆိပ်သုံးခု ရရှိခဲ့သည်။ သူသည် ဘယ်ညာတောင်ပံကစားသမားအဖြစ် နှစ်ပေါင်း ၂၀ ကျော် ကစားခဲ့ကာ ဆွီဒင်နိုင်ငံသား ဘောလုံးကစားသမားဟောင်း တစ်ဦးလည်းဖြစ်သည်။

UEFA ချန်ပီယံလိဂ်ဖလားနှင့်အတူ ဖရက်ဒရစ်ယွန်းဘတ်က ပရိသတ်များအတွက် ပျော်ရွှင်ပွဲကို မတ် ၂၆ (ယနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ရွှေထွဋ်တင်ကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ယွန်းဘတ်နှင့်အတူ ဓာတ်ပုံရိုက်နိုင်မည့်အပြင် အမှတ်တရလက်မှတ်ရေးထိုးခြင်း ဖျော်ဖြေရေးအစီအစဉ်များ၊ ဖလားအားကိုင်တွယ်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**



**အာဆင်နယ်ဘောလုံးသမားဟောင်း ဖရက်ဒရစ်ယွန်းဘတ်အား ချန်ပီယံလိဂ် (UEFA) နှင့်အတူ တွေ့ရစဉ်။**

■ *ကျောဖုံးမှ*

စာရွက်တွေအနေနဲ့ ပေးထားတာပါ။ ဒီစတော့အိတ်ချိန်းကတော့ စာရွက်တွေကို မသုံးတော့ဘူး။ အီလက်ထရွန်နစ်စနစ်ကိုပြောင်းလိုက်ပါတယ်။ အဲဒီလို စာရွက်တွေကနေ အီလက်ထရွန်နစ် ပြန်ပြောင်းတဲ့အခါမှာ ကျွန်တော်တို့ နဂိုကရွေးထားတဲ့ ခြောက်စုထဲမှာ FMI က အမြန်ဆုံးပြီးသွားပါတယ်။ ပြီးသွားတဲ့အတွက် FMI က နံပါတ်(၁)အနေနဲ့ Listed ကုမ္ပဏီဖြစ်ပြီးတော့ ရှယ်ယာတွေ ထုတ်ရောင်းတယ်။ ဒီနေ့ရောင်းတာ ကြည့်လိုက်တာကို ဖြန့်လိုက်တဲ့အခါမှာ တော်တော်အားရဖွယ် ကောင်းပါတယ်။ ဘာကြောင့်လဲလို့မေးရင် ရှယ်ယာဝယ်ချင်တဲ့သူတွေဟာ မနက် ၅ နာရီကတည်းကလာပြီး FMI က သတ်မှတ်ထားတဲ့ Securities ကုမ္ပဏီမှာ တန်းစီနေကြတာတွေ့ရပါတယ်။ ဒီကနေ့ဟာဖြင့် ကျွန်တော်တို့ အိပ်မက်တွေကို စတင်အကောင်အထည်ဖော်နိုင်တဲ့ Big Day ၊ Great Day လို့ ပြောလို့ရပါတယ်။ ဒါဟာ ရန်ကုန်စတော့အိတ်ချိန်း တစ်ခုတည်းအတွက် လည်းမဟုတ်ပါဘူး။ FMI အတွက်လည်းမဟုတ်ဘူး။ နိုင်ငံတော်ငွေကြေး ဈေးကွက်ကြီး ဖွံ့ဖြိုးမှုအတွက် စတင်တဲ့နေ့လို့ ပြောလို့ရပါတယ်" ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အဆိုပါ စတော့အိတ်ချိန်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

နံနက် ၁၁ နာရီတွင် ဒုတိယဝန်ကြီးကပင် စတော့အိတ်ချိန်းခေါင်းလောင်းကို သုံးကြိမ်တီး၍ ဖွင့်လှစ်ပေးလိုက်ရာ စတော့ရှယ်ယာဝယ်လိုအား ၈၀၀၀၀ ကျော်ရှိပြီး ငွေကျပ် ၃၁၀၀၀ ဖြင့် ဈေးအရောင်းအဝယ်တည့်သွားသည်ကို တွေ့ရသည်။ စတော့အိတ်ချိန်းသည် ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည်ပြီး ဈေးအတက်အကျဖြစ်ပေါ်ခြင်းဖြစ်သည်။

ယနေ့စတော့ရှယ်ယာ စတင်ဖွင့်လှစ်ချိန်တွင် ရှယ်ယာတစ်စုလျှင် ငွေကျပ် ၂၆၀၀၀ ဖြင့် အရောင်းအဝယ်စတင်ခဲ့ပြီး ဝယ်လိုအားပေါ်မူတည်ကာ ရှယ်ယာများမြင့်တက်သွားရာ ရှယ်ယာဈေးကွက်ပိတ်ချိန် နံနက် ၁၁ နာရီတွင် ရှယ်ယာတစ်ခုလျှင် ငွေကျပ် ၃၁၀၀၀ အထိ မြင့်တက်သွားခြင်းဖြစ်သည်။

ရှယ်ယာရောင်းလိုမှု၊ ဝယ်လိုမှုများအနေဖြင့် လုပ်ပိုင်ခွင့် လိုင်စင်ရကုမ္ပဏီက အသိအမှတ်ပြုထားသော ငွေချေးသက်သေခံကုမ္ပဏီများ (ဥပမာ - KBZSC Securities ကုမ္ပဏီ)မှတစ်ဆင့် ရောင်းဝယ်ကြခြင်းဖြစ်သည်။ ယင်း Securities ကုမ္ပဏီများက ရောင်းလိုဝယ်လိုမှုများ၏ ဈေးနှုန်းအနေအထားကို ရန်ကုန်စတော့အိတ်ချိန်းသို့ အွန်လိုင်းစနစ်ဖြင့် ပေးပို့ရသည်။ စတော့ရှယ်ယာဈေးကွက်ပိတ်သည့်အချိန်တွင် ဝယ်လိုအား၊ ရောင်းလိုအားအပေါ်မူတည်၍ သင့်လျော်သောဈေးနှုန်းကို ရန်ကုန်စတော့အိတ်ချိန်းက အလိုအလျောက်စနစ်ဖြင့် သတ်မှတ်ထုတ်ပြန်ပေးခြင်းဖြစ်သည်။ စတော့ရှယ်ယာများကို နေ့စဉ်ရုံးပိတ်ရက်များမှအပ နှစ်ကြိမ်ဖွင့်လှစ်မည်ဖြစ်ရာ နံနက် ၁၁ နာရီတစ်ကြိမ်နှင့် မွန်းလွဲ တစ်နာရီတစ်ကြိမ် နှစ်ကြိမ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

စတော့ရှယ်ယာဝယ်ယူခြင်းဖြင့် စတော့ရှယ်ယာများကို မိမိဝယ်ယူသောဈေးနှုန်းထက် ပိုမိုမြင့်မားသည့် ဈေးနှုန်းဖြင့် ပြန်လည်ရောင်းချခြင်းမှ အမြတ်အစွန်းရရှိခြင်း၊ မိမိကိုင်ဆောင်ထားသော စတော့ရှယ်ယာများမှ ပုံမှန်အမြတ်ဝေစုများရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဧယ/၁၂၀၇၅ Jiafa-110 M/C ယာဉ်လက်ဝယ်ရှိသူ Green Yellow Garden Croton Trading Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

**Holiday** အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၆ - ဧပြီလ (၃) ရက်နေ့ ဖွင့်မည်
❖ အခြေခံယာဉ်မောင်းစက်ပြင်တစ်လပုံမှန်သင်တန်း
❖ စက်ပြင်အထူးသီးသန့် (၂)လသင်တန်း
(နယ်ဝေး ကျောင်းသား/သူများအတွက် နေရေး ထိုင်ရေး စီစဉ်ပေးမည်။)
အမှတ် ၄၉ (ခ)၊ သာစည်လမ်း၊ ၁၀ ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်၊
၀၉-၄၂၂၂၀၆၁၅၇၊ ၀၉-၄၂၂၂၀၆၁၅၈၊ ၀၉-၃၂၁၀၄၇၈၁

**စိန်နဝင်းနှင့်ရောင်းရင်းများ**

**မဟာသကြ္ကန်ခရီးစဉ်များ**
ဧပြီ - ၁၀၊ ၁၁၊ ၁၂၊ ၁၃ - ထွက်မည်။

- ရွှေစက်တော်နှင့် လမ်းဘုရားစုံ
- ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး (စွယ်တော်လေးဆူ)
- ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ အလောင်းတော်ကဿပ
- ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
- ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ
- ရွှေစက်တော်နှင့် အထက်ဘုရားစုံပူး ခရီးစဉ်
- ရွှေစက်တော်နှင့် အလောင်းတော်ကဿပ
- အင်းတော်ကြီး ရွှေမဥ္ဇူဘုရားနှင့် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလှိုက်ဂူ (၄)ရက်။ လှိုင်ကော်ပါ(၅)ရက်။
- ပုပ္ပါး၊ ပုဂံ (စွယ်တော်လေးဆူ)၊ မန္တလေး၊ ပြင်ဦးလွင် (၅)ရက်
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၅)ရက်
- မန္တလေး၊ ပြင်ဦးလွင်အနှံ့၊ ဒီးဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းစေတီ
- အလောင်းတော်ကဿပနှင့် မုံရွာ ဘုရားစုံ (၃)ရက်
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် ခရီးစဉ်
- မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ ခရီးစဉ်
- ကျိုက်ထီးရိုး (နေ့စဉ်) ▲ ဇလွန် (တနင်္ဂနွေ)
- ထုံးဘို အကောက်တောင်နှင့် ပြည်ဘုရားစုံ (စနေ)

အပတ်စဉ် သောကြာ

အမှတ်-၂၇၅၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း)၊ ကျောက်တံတား၊ ရန်ကုန်မြို့။ 01-249871,255553,09-5137245,09-5122511

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀ယ/၂၅၉၆၃ SAN YANG BOMUS, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၆/ထဝန(နိုင်)၀၈၂၀၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ ၆လမ်း၊ အမှတ် ၅၀၁-ခဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀×၆၀)ခန့်ရှိ နှစ် ၆၀ ဂရန်မြေအမျိုးအစားနှင့် မြေကွက်ပေါ်ရှိ ခံစားခွင့်အရပ်ရပ်အား ယခုလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဒေါ်လီသင်းသင်းနွယ် ၁၂/မရက(နိုင်)၁၀၇၉၀၈ထံမှ ကျွန်ုပ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ကေဇင်လတ် ၇/အတန(နိုင်)၀၀၁၁၄၀
ဖုန်း-၀၉-၅၀၆၆၉၅၆၊ ၀၉-၅၁၉၈၂၁၉

**ပြည့်ကျော် စာသင်ဝိုင်း** ၁၀ဦးဝိုင်း

တတ်အောင်သင်ပေးသောဆရာများနှင့် သီးသီးသန့်သန့် သင်ချင်သော ကျောင်းသားများအတွက်
၂၀၁၆- ၂၀၁၇ စာသင်နှစ်အတွက် ၉တန်း ၁၀တန်း ကျောင်းသားသစ်လက်ခံပြီ
ခြံအမှတ် ၃၄ ဘီ + ၂၊ ကျောက်ကုန်းလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၀၇၄၆၆၈၈၊ ၀၉ ၇၉၄၄၂၄၅၁၁

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6J/3533 Toyota Wish ZNE 14, S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဝင်း ၁၂/စခန(နိုင်)၀၁၁၃၄၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၂၂၉၁)၊ အလျားပေ ၄၀× အနံပေ ၆၀ ရှိ မြေချပါမစ်မြေကွက်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးနေလင်းထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၂၂၉၂)၊ အလျားပေ ၄၀×အနံပေ ၆၀ ရှိ မြေချပါမစ်မြေကွက်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစိန်ထွန်းအောင်တို့ထံမှ ဝယ်ယူပိုင်ဆိုင်ထားသော ဦးကျော်မင်းသန်း ၅/မရန(နိုင်)၀၀၉၅၀၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်း မူရင်းများ)အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအာကာလင်း**
**အထက်တန်းရှေ့နေ၊ လိုင်စင်အမှတ်-၂၅၁၃၄**
**အမှတ်၈၅၈၊အင်းဝလမ်း၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၂၆၀၃၉၉၀၃၅**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်နိုင် ၁၀/ကမရ(နိုင်)၀၈၁၁၇၉၏ Passport(No.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

**ကိုနေမျိုးအောင်၇/ပမန(နိုင်)၁၈၂၁၅၄ နှင့်အများသိစေရန်ကြေညာခြင်း**

လက်ပံတန်းမြို့၊ မင်းရပ်၊ ဆရာစံလမ်းနေ မနန်းမွန်မွန်မြတ် ၇/လပတ(နိုင်)၁၂၇၂၅၇နှင့် ကိုနေမျိုးအောင်တို့သည် ၄-၁၀-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်၍ ခင်ပွန်းအဖြစ်သက်ဆိုင်ခြင်း မရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်လွင်မာမြင့်(LL.B)အထက်တန်းရှေ့နေ**
**လက်ပံတန်း**

**ပျောက်ဆုံးခြင်း**

ကားအမျိုးအစား Honda Fit 4J/3023 ၏ ဘဏ်ချလန်နှင့် အခွန်ဆောင်ထားသော အခွန်စိမ်းစာရွက်ပျောက်ဆုံးသွားပါသည်။

ဖုန်း-၀၉-၄၃၁၉၇၆၃၃၊
၀၉-၄၃၀၂၈၇၈၇

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးမြင့်ဦး ၁၂/ကမရ(နိုင်)၀၄၄၀၈၉ ၏ နိုင်ငံကူးလက်မှတ် 707059 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပေးပါရန်။

ဖုန်း-၀၉-၇၃၁၈၅၄၀၀

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်စန်းစန်းတင့် ၁၂/ကမရ(နိုင်)၀၄၁၇၁၃ ၏ နိုင်ငံကူးလက်မှတ် 303937 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပေးပါရန်။

ဖုန်း-၀၉-၇၃၁၈၅၄၀၀

# မြန်မာ့တိုင်းရင်းဆေး နိုင်ငံတကာအထိ ထိုးဖောက်နိုင်ရန်ကြိုးပမ်းစွမ်းဆောင်

**ရန်ကုန် မတ် ၂၅**

မြန်မာတိုင်းရင်းဆေးကို နိုင်ငံတကာအထိ ထိုးဖောက်ရောင်းချနိုင်ရေးတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အဆင့်မီ ထုပ်ပိုးမှုစနစ်(GMP) ထွန်းကားမှုအပေါ်တွင် အခြေခံကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းရုံး၌ မတ် ၂၃ ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားမှ သိရသည်။

"မြန်မာတိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတကာအထိ ထိုးဖောက်နိုင်ဖို့ဆိုတာ လက်ရှိ တိုင်းရင်းဆေးပညာရှင်တွေ ဆရာ ဆရာမတွေအားလုံးညီညွတ်ပြီး စေတနာထားကြဖို့ လိုပါတယ်။ ဒါ့အပြင် လက်ရှိတိုင်းရင်းဆေးတွေကို နိုင်ငံတကာ အဆင့်မီဖို့ ထိုးဖောက်နိုင်ဖို့ ထုပ်ပိုးမှုတွေ၊ ဆေးမှုန့်ဆေးပြား ဆေးတောင့် လုပ်တာတွေ၊ ပုလင်းပုံစံဒီဇိုင်းအမျိုးမျိုး လုပ်တာတွေနဲ့ အခြားအဆင့်မီထုပ်ပိုးမှု (GMP) စနစ်တွေ ထွန်းကားဖို့ လိုပါတယ်။ ဒါတွေလုပ်နိုင်ဖို့ အဆင့်မြင့် စက်ပစ္စည်းကိရိယာတွေ လိုတယ်ဗျ။ ဒါတွေ ရှိပြီဆိုရင် နိုင်ငံတကာဈေးကွက်မှာ မြန်မာ့တိုင်းရင်းဆေး ကောင်းစွာ နာမည်ရလိမ့်မယ်လို့ ယုံကြည်တယ်။ လက်ရှိမှာ နာမည်ရ တိုင်းရင်းဆေးတိုက်အနည်းငယ်ပဲ ပြည်ပကို ရောင်းချနိုင်သေးတယ်" ဟု မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများ အသင်း အလုပ်အမှုဆောင် ဆေးဆရာကြီး ဦးမြင့်သန်းက ပြောသည်။

လက်ရှိအချိန်တွင် မြန်မာ့တိုင်းရင်းဆေးသည် အမှတ်တံဆိပ် အနည်းငယ်သာ နိုင်ငံတကာ အဆင့်မီထုပ်ပိုး၍ ပြည်ပသို့ ရောင်းချနိုင်ပြီး ပြည်တွင်း ကုသရေးပိုင်းကလည်း အကျိုးသက်ကို ရောက်နေကြောင်း၊ ရှိရင်းတိုင်းရင်းဆေးဆရာဦးရေနှင့် ကုသနိုင်တဲ့ တိုင်းရင်းဆေးပညာရှင်အသစ် မွေးထုတ်မှုက အလွန်နည်းနေလျက်ရှိကြောင်း သိရသည်။

"ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း မြန်မာ့တိုင်းရင်းဆေးကဏ္ဍမှာ လိုအပ်နေတာတွေကို ဖြည့်ဆည်းပေးမယ်။ တိုင်းရင်းဆေးသမားတော်တွေပညာရှင်တွေ ဆရာ ဆရာမတွေကလည်း စည်းစည်းလုံးလုံးနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးလာမှာပါ။ ဒါ့အပြင် ကျန်မာရေးဝန်ကြီးဌာနအနေနဲ့လည်း နိုင်ငံခြားက တိုင်းရင်းဆေးပညာရှင်တွေ အသိပညာရှင် အတတ်ပညာရှင်တွေခေါ်ပြီး သင်တန်းတွေပေးမယ်။ ထုပ်ပိုးမှု GMP စနစ်တွေကို သင်တန်းတွေပေးပြီး လိုအပ်တဲ့ စက်ပစ္စည်းကိရိယာတွေ တပ်ဆင်မယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေးကဏ္ဍ တိုးတက်လာမှာ ကျိန်းသေတယ်"ဟု မြန်မာ့တိုင်းရင်းဆေးဆရာကြီးတစ်ဦးက သုံးသပ်သည်။

ဒုတိယအကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်နေ့ အခမ်းအနားသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်း ဗဟိုကော်မတီဝင်များ၊ တိုင်းရင်းဆေးဆရာ ဆရာမများ တက်ရောက်ကြပြီး အပူဇော်ခံသက်ကြီးတိုင်းရင်းဆေးပညာရှင်ဆရာကြီးများအား ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။ **မျိုးမင်းသိမ်း(မရမ်းကုန်း)**



တိုင်းရင်းဆေးသမားတော်နေ့အခမ်းအနား ကျင်းပစဉ်။

# အယ်နီညိုရာသီဥတုအကျိုးသက်ရောက်မှု အသိပညာပေးဟောပြော

**တမူး မတ် ၂၅**

အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို တမူးမြို့နယ် အင်ဒင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ပန်းသာကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့၌ မတ် ၂၃ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှူး ဦးတင်စိုး၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာသိန်းနိုင်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်သူရကျော်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတွာလ်ဆွင်းဗန်တို့က အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်သည့် သိကောင်းစရာများ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်နည်းလမ်းများ၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသည့် ပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဥတ္တရာရုံ သံကူကွန်ကရစ်တံတားဖွင့်လှစ်

**လွိုင်ကော် မတ် ၂၅**

ကယားပြည်နယ် လွိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်ရှိ ဥတ္တရာရုံ သံကူကွန်ကရစ်တံတား အမှတ်စဉ် (၁၁၈)ကို မတ် ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေ၊ တံတားဦးစီး ဒေါ်ဒဲမြာနှင့် ဈေးပိုင်းရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ပြည့်စုံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ခဲ့သည်။

အဆိုပါတံတားကို ပြည်နယ်ရန်ပုံငွေ ကျပ်သန်း ၈၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)မှ တာဝန်ယူ၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ပြီး အရှည်ပေ ၃၀၀ ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် ငါးပေစီရှိသည့် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ကာ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ အဆိုပါ တံတားသည် ဒေသခံပြည်သူများ ဖြတ်သန်းသွားလာရာတွင် အလွန်အရေးပါသော တံတားဖြစ်ရာ တံတားတည်ဆောက်ပြီးစီးသဖြင့် ဒေသခံပြည်သူများအတွက်သွားလာမှု အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

**လားရှိုး မတ် ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ လားရှိုးမိုတယ် မင်္ဂလာခန်းမ၌ ၂၀၁၆ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာထင်လင်းက နေပြည်တော်တွင်ကျင်းပသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား၌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်ပြောကြားသည့် အဖွင့်မိန့်ခွန်းကို ဖတ်ကြားသည်။

ထို့နောက် တီဘီရောဂါအကြောင်း သိကောင်းစရာများနှင့် ရှေ့လုပ်ငန်းစဉ်များကို လားရှိုးမြို့ရှိ တီဘီဆရာဝန်ကြီး ဒေါက်တာခိုင်စန္ဒာအောင်က ရှင်းလင်းပြောကြားကာ တီဘီရောဂါတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေသော အဖွဲ့အစည်းများဖြစ်သည့် တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ PSI , AHRN, Care Myanmar နှင့် မိတ်ဖက် အဖွဲ့အစည်းများကလည်း တီဘီရောဂါနှင့်ပတ်သက်သော ပညာပေးပိုစတာများကို ပြသခဲ့ကြသည်။

**မမ(လားရှိုး)**

# ပွင့်ဖြူမြို့၌ ကမ္ဘာ့ရေနေ့အခမ်းအနား ကျင်းပ

**ပွင့်ဖြူ မတ် ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ စိန်ခန်းမ၌ Save the Children က ကြီးမှူး၍ ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပွင့်ဖြူမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြုံတွေ့ခဲ့ရသည့် ကျေးရွာများတွင် ဖွဲ့စည်းထားသော ရေကော်မတီဝင်များနှင့် ကလေးငယ်များ တက်ရောက်ခဲ့ကြပြီး Save the Children မှစီမံချက်မန်နေဂျာ ဒေါ်စန်းစန်းမော်က ကမ္ဘာ့ရေနေ့ဖြစ်ပေါ်လာပုံနှင့် ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာ(၂၇)တွင် စီမံချက်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံချက်ကျေးရွာ(၂၇)ရွာမှ မူကြိုကလေးငယ်နှင့် ကျောင်းသားကျောင်းသူလေးများက ရေကောင်းရေသန့် ကဗျာများအား တေးသရုပ်ဖော်ရွတ်ဆိုခဲ့ကြပြီး Save the Children မှ တာဝန်ရှိသူများက ကျေးရွာရေကော်မတီဝင်များနှင့် ကလေးငယ်များအား ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်း ပြီးခဲ့သည့်နှစ်က ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့ရသော ကျေးရွာများအနက် ကျေးရွာ ၂၇ ရွာတွင် ရေကောင်းရေသန့်ကော်မတီများကို Save the Children (ရေနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့)က ဖွဲ့စည်းထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အယ်နီညိုရာသီဥတုနှင့် အကျိုးသက်ရောက်မှုများ အလုပ်ရုံဆွေးနွေး

**ချောင်းဦး မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီဝင်များနှင့် စာရေးဝန်ထမ်းများအနေဖြင့် အယ်နီညိုရာသီဥတုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာများကို သိရှိစေရန်အတွက် အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဇန်နဝါရီလမှ ဇွန်လအထိကာလအတွင်း အယ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ချောင်းဦးမြို့နယ်၌ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီ၊ အရေးပေါ်ဆက်သွယ်ရေးကော်မတီနှင့် ရေအလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲနိုင်ရေး ကြီးကြပ်မှုကော်မတီများဖွဲ့စည်း၍ စီမံချက်ချဆောင်ရွက်နေပုံများ၊ အယ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ကြုံတွေ့နိုင်ဖွယ်ရှိသည့် အခက်အခဲများ၊ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ကြိုတင်ကာကွယ်နိုင်ရန် အောက်ခြေကျေးရွာများအထိ ကွင်းဆင်း အသိပညာပေးခြင်း၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်စေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ရာသီဥတုဖြစ်စဉ်များကို အချိန်မီထုတ်ပြန်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက ရှင်းလင်းဆွေးနွေးပြီး ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နှစ်စဉ် နွေရာသီကာလရောက်တိုင်း သောက်သုံးရေရှားပါးမှု ဖြစ်ပေါ်တတ်သည့် ချောင်းဦးမြို့နယ်အတွင်း ကျေးရွာများ၌ သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်လာပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်၊ မီးသတ်ဦးစီးဌာန ရေသယ်ယာဉ်နှစ်စီးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက ကုသိုလ်ဖြစ်ရေသယ်ယာဉ်များဖြင့် ရေများဖြန့်ဝေပေးရန်လည်း စီစဉ်ထားကြောင်း သိရသည်။

**ရဲအောင်(ချောင်းဦး)**

# ဖရဲသီးကြားများ ဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

**အင်းတော် မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ ရိုးပြတ်လယ်ကွင်း မြေကွက်များတွင် စိုက်ပျိုးထားသည့် ကွန်မန်ဒိုဖရဲကြားများ အောင်မြင်ဖြစ်ထွန်းကာ ဈေးကွက်တွင်လည်း ဈေးကောင်းရနေသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဖရဲစိုက်ပျိုးရာတွင် လယ်ယာမြေကွက်များ၌ မိုးစပါးရိတ်သိမ်းပြီးနောက်တွင် ထယ်ရေးလုန်ကာ သဘာဝမြေဩဇာများကို အသုံးပြု၍ စိုက်ပျိုးကြကြောင်း၊ ဖရဲပင်များ၏ အသီးသီးသည့်ကာလမှာ ရက်ပေါင်း ၁၂၀ ဖြစ်ကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးထားသော ဖရဲသီးများကို မတ်လအတွင်း စတင်၍ ခူးယူရောင်းချနေပြီဖြစ်ရာ ဈေးကွက်တွင် တစ်လုံးလျှင် ကျပ် ၁၀၀၀၊ ၁၅၀၀ မှ ၂၀၀၀ အထိ ဈေးကောင်းရရှိကြောင်း အင်းဦးသက္ကယ်ကျင်း ကျေးရွာမှ နှစ်စဉ် ရိုးပြတ်ဖရဲ စိုက်ပျိုးသည့် တောင်သူ ဦးကျော်မြင့်က ပြောသည်။

ယခုနှစ်တွင် ဖရဲသီးများ ဈေးကောင်းရသလို အရောင်းသွက်လျက်ရှိသဖြင့် ရိုးပြတ်ဖရဲစိုက်တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(၀၇၆)**



# ရာသီကူးပြောင်း လောင်အားကောင်းသည့် လျှပ်စစ်အကြောင်း သိကောင်းစရာ

**မောင်မောင်(လျှပ်စစ်)**

> **မီးလောင်ချိန်၌ မီးလောင်နေသောနေရာသို့ မီးသတ်ကားအလွယ်တကူ ဝင်ထွက်မရအောင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားတို့ ပိတ်ဆို့နေခြင်း၊ လာရောက်ကြည့်ရှုသူတို့ကြောင့် အနှောင့်အယှက်ဖြစ်ရခြင်းတို့ကြောင့် မီးသတ်တပ်ဖွဲ့ဝင်တို့မှာ မီးငြိမ်းသတ်ရာ၌ ပိုမိုကြန့်ကြာသလို မီးငြိမ်းသတ်ရန် အခက်အခဲများတွေ့ခဲ့ကြရသည်။ တစ်ခါတစ်ရံ ပြည်သူများက မီးသတ်ပိုက်ခေါင်းကို အတင်းလု၍ စည်းမဲ့ကမ်းမဲ့ အားမလို အားမရပြုမူကြသည်ကိုလည်း တွေ့ရဖူးပါသည်. . .**

နိုင်ငံတော်ကြီးခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားသည် အဓိကနေရာမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ လူနေမှုစနစ်မြင့်မားရေး၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့်ကဏ္ဍအသီးသီးတို့တွင် လျှပ်စစ်ဓာတ်အားကို တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိသည်။

ထိုသို့ လျှပ်စစ်ဓာတ်အားကို တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြရာဝယ် "သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး"ဟူသော ဆိုရိုးစကားအတိုင်း လျှပ်စစ်ဓာတ်အားကို ပေါ့ဆစွာ သုံးစွဲကြသဖြင့် လျှပ်စစ်ဓာတ်အားကြောင့်ဖြစ်ရသည် မီးလောင်မှုများကို မကြာခဏ ကြားသိနေရပြီး ဆုံးရှုံးမှုတန်ဖိုးမှာ များပြားသလို မီးဘေးဒုက္ခသည်များကိုလည်း စိတ်မချမ်းမြေ့ဖွယ်ရာတွေ့မြင်နေရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပွင့်လင်းရာသီဟု တင်စားထားသည့် ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သော နွေရာသီဝယ် မီးလောင်မှု၊ အများအပြားဖြစ်ပွားလေ့ရှိရာ မီးဘေးကြိုတင်ကာကွယ်ရေးများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ ရပ်ကွက်မကျန် တပ်လှန့်နှိုးဆော်လျက်ရှိရုံသာမက အရေးပေါ်မီးငြိမ်းသတ်ရေး ပညာပေးလုပ်ငန်းများကိုလည်း ဈေးများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ရပ်ကွက်မြို့နယ်များ၌ သရုပ်ပြလေ့ကျင့်နေသည်ကို သတင်းစာများတွင် မကြာခဏ တွေ့မြင်ဖတ်ရှုနေရသည်။

တာဝန်ရှိသူတို့က မည်သို့ပင်ကြိုးစားဆောင်ရွက် သတိပေးနေသော်လည်း ပြည်သူတို့ဘက်မှ တာဝန်မသိ၊ သတိမရှိ ပေါ့ဆကြပါက အရာရောက်ကြမည်မဟုတ်ပေ။ မီးဘေးရှောင် မလောင်ခင်တားရန် မီးဘေးကယ်ဆယ်ရေးထက် မီးဘေးကာကွယ်ရေးကို အလေးထားကြရန် အရေးကြီးပါသည်။

အဆိုပါ မီးလောင်ခြင်းအမျိုးမျိုးအနက် လျှပ်စစ်ဓာတ်အားသုံးစွဲသူများ၏ ပေါ့ဆမှု၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ၏ အရည်အသွေးညံ့ဖျင်းမှု၊ သတ်မှတ်စံချိန်စံညွှန်းမကိုက်ညီမှု၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ ချွတ်ယွင်းမှုစသည့်အကြောင်းများကြောင့် လောင်သောမီးမှာ နေ့ ညမရှောင် ရာသီမရွေးဒုက္ခလှလှပေးနေသည်ကို တွေ့မြင်ကြားသိရပေသည်။

စားရေးသူသည် လျှပ်စစ်ဓာတ်အားသုံးစွဲရာမှ မီးလောင်မှုဖြစ်ရသည့် သတင်းများကို လေ့လာ၍ အလေးထားရေးသားလေ့ရှိရာ ယခုနှစ် ၂၀၁၆ ခုနှစ်၏ နှစ်ဦးပိုင်းအစ ဖေဖော်ဝါရီလတစ်လအတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားသုံးစွဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ရသည်များအနက် မြန်မာ့အလင်းသတင်းစာပါ လျှပ်စစ်ဓာတ်အားကြောင့် မီးလောင်ရသည့် ဖြစ်ရပ်များကို မှတ်မှတ်ထင်ထင်သတိတရ ရှိကြစေရန်အတွက် ရေးသားဖော်ပြရသော်-

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီ မိနစ် ၂၀ ခန့်မှ ဖေဖော်ဝါရီ ၅ ရက် နံနက် ၃ နာရီမှ မီးလောင်မှုဖြစ်ပွားရာ လူနေအိမ်နှင့် ဆိုင်ခန်းအပါအဝင် ၁၉၉ လုံး မီးလောင်ဆုံးရှုံးရသည်။ မီးလောင်မှုဖြစ်ပွားရခြင်းမှာ လပွတ္တာမြို့နယ် (၅)ရပ်ကွက် ဧရာသီရိလမ်းနေ ဦးနေဝင်းထွန်း(ခ) နို့ဆီ၏ နေအိမ်၌ တပ်ဆင်ထားသော ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝိုင်ယာကြိုးမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာ၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က မောင်းမကန်ကမ်းခြေနှင့် လမ်းသစ်လမ်းဆုံအနီးရှိ ၂၀၀ ကေဗွီအေဗို့အားရှိ ထရမ်စဖော်မာမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ ပတ်ဝန်းကျင်ရှိ မြက်ခြောက်နှင့် သစ်ပင်များမှတစ်ဆင့် မီးလောင်ကျွမ်းရာမှ လေပြင်းတိုက်ခတ်မှုကြောင့် ကမ်းခြေရှိ ဈေးဆိုင်ခန်း ၁၂ ခန်း မီးလောင်မှုဖြစ်ပွားသည်။

တစ်ဖန် ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ထန်းပင်ကုန်းရပ်ကွက် သဇင်လမ်း၌ ဖေဖော်ဝါရီ ၁၄ ရက် ည ၈ နာရီကျော်က လျှပ်စစ်ဝိုင်ယာကြိုးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ်ခြောက်လုံးမီးလောင်ခဲ့သည်။ မီးလောင်ရခြင်းမှာ သဇင်လမ်း အမှတ် (၅၀)နေ ဦးထွန်းထွန်းကျော်၏ နေအိမ်၌ သွယ်တန်းထားသော ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲ၍ မီးလောင်ရာမှ မီးကြိုးပြတ်ကျကာ မီးကြိုးအောက်၌ရှိသော မွေ့ယာပေါ်သို့ကျ၍ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၄ နာရီကျော်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ဘုရင့်နောင်လမ်း ရိုးကြီးချောင်းဘေးရှိ ငါးလုပ်ငန်းဦးစီးဌာနဝင်းအတွင်းရှိ ဒေါ်သန်းသန်းအေး၏ စိုးမိသားစု ပလတ်စတစ်စက်ရုံရှိ အဲယားကွန်ပရက်ဆာ ချွတ်ယွင်းမှုဖြစ်ရာမှ အပူလွန်ကဲ၍ မီးများပန်းထွက်ပြီး ယင်းဘေးရှိ ပလတ်စတစ်ရိုက်မင်ပုံးများအပေါ်သို့ မီးပွားများကျကာ မီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်။

ထိုမျှမပြီးသေးပါ။ ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃ နာရီကျော်ကလည်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မင်းကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လျှပ်စစ်ဝိုင်ယာကြိုးရှော့ခ်ဖြစ်ပြီး မီးလောင်ခြင်းကြောင့် အလျားပေ ၂၀၀၊ အနံပေ ၃၀ရှိ ၁၂ ခန်းတွဲ သွပ်မိုးအုတ်ကာ နှစ်ထပ်ကျောင်းဆောင်တစ်ခုလုံး မီးလောင်ဆုံးရှုံးသွားခဲ့သည်။

ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခန့်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ် (၅)နယ်မြေ စည်ပင်သာယာရပ်ကွက် ညောင်ဦးမှ ပုဂံမြို့ဟောင်းသွား လမ်းနံဘေးရှိ ဦးမြင့်ကျော်ဦး ပိုင်ဆိုင်သည့် မြင့်ယွန်းထည်အရောင်းဆိုင်၌ ဒစ်ဂျစ်တယ်လျှပ်စစ်မီးဖိုဖြင့် နွားနို့ကျိုရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အားကျမခံ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေသာစံအကွက် (၁၁၅) ၂၁ လမ်းနှင့် ၈၇ လမ်းထောင့်ရှိ စီယာတိုင်ကဖေး၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက်အကူ ၁၅ နာရီခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားသည်။ မီးလောင်ရသည့်အကြောင်းမှာ ယင်းဆိုင်အတွင်း သွယ်တန်းထားသော ဝိုင်ယာကြိုးများ၊ ဝန်အားမမျှ၍ အပူလွန်ကဲကာ မီးတောက်လောင်ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီခွဲခန့်က ရခိုင်ပြည်နယ် သံတွဲမြို့ အမှတ်(၇)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ သံတွဲနှစ်ခြင်းအသင်းတော်ခရစ်ယာန်ဘုရားရှိခိုးကျောင်းရှိ လျှပ်စစ်ဒါးမိန်းမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြန်ပါသည်။

ဇန်နဝါရီ ၃၀ ရက် နံနက် ၃ နာရီကျော်က မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သိဒ္ဓိလမ်းမကြီးနှင့် အောင်သိဒ္ဓိကျောင်းလမ်းထောင့် အမှတ်(၇၁)ရှိ ခေတ်လိုက်သမဆိုင်တွင် ဓားမိန်းအပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အထက်ပါ လျှပ်စစ်ဓာတ်အားကြောင့် (ဝါ)လျှပ်စစ်ဓာတ်အားသုံးပစ္စည်းချွတ်ယွင်းမှုများကြောင့် ဖြစ်ပွားခဲ့ရသော မီးလောင်မှု ရှစ်ခုမှာ မြန်မာ့အလင်းသတင်းစာတွင် ဖတ်ရှုခဲ့ရသော သတင်းမျှသာဖြစ်ရာ စာရေးသူမသိရှိသော မြန်မာ့အလင်းသတင်းစာတွင်မပါရှိသော လျှပ်စစ်ကြောင့်လောင်သောမီးမှာလည်း နည်းမည်မထင်ပါ။

'မီးဘေးရှောင် မလောင်ခင်တား' ဆိုသကဲ့သို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကြိုတင်တားဆီးရေး၊ မီးလောင်မှုဖြစ်ပွားလာပါက အချိန်မီမီးငြိမ်းသတ်နိုင်ရေး၊ မီးငြိမ်းသတ်ရန်အတွက် လိုအပ်သောရေရရှိရေး၊ ရေရရှိနိုင်မည့်နေရာများ(ရေတွင်း၊ ရေကန်၊ မီးသတ်ရန် ရေသိုလှောင်ကန်များ) မီးသတ်ရေငုတ်များကို ကြိုတင်လေ့လာသိရှိထားရေး၊ မီးသတ်ယာဉ်များဝင်လမ်း၊ ထွက်လမ်းများ ရှင်းလင်းထားရေး စသည့်အချက်တို့မှာ မီးဘေးကြိုင်တင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ပေသည်။

ထို့အတူ မီးလောင်ချိန်၌ မီးလောင်နေသောနေရာသို့ မီးသတ်ကားအလွယ်တကူ ဝင်ထွက်မရအောင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားတို့ ပိတ်ဆို့နေခြင်း၊ လာရောက်ကြည့်ရှုသူတို့ကြောင့် အနှောင့်အယှက်ဖြစ်ရခြင်းတို့ကြောင့် မီးသတ်တပ်ဖွဲ့ဝင်တို့မှာ မီးငြိမ်းသတ်ရာ၌ ပိုမိုကြန့်ကြာသလို မီးငြိမ်းသတ်ရန် အခက်အခဲများတွေ့ခဲ့ကြရသည်။ တစ်ခါတစ်ရံ ပြည်သူများက မီးသတ်ပိုက်ခေါင်းကို အတင်းလု၍ စည်းမဲ့ကမ်းမဲ့ အားမလို အားမရပြုမူကြသည်ကိုလည်း တွေ့ရဖူးပါသည်။

မီးလောင်မှ မီးငြိမ်းသတ်ခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်း၊ ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ခြင်းထက် 'မီးဘေးကြိုတင်ကာကွယ်ရေး'က နိုင်ငံအတွက် အကျိုးရှိမည် ထိရောက်မည်ဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေးကို အလေးထားဆောင်ရွက်သင့်ပေသည်။

ထို့အတူ လျှပ်စစ်ဓာတ်အားအသုံးပြုသူတို့ကလည်း နေအိမ်တိုက်တာအဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ ရုံးခန်း၊ ဈေး၊ ကျောင်း၊ သာသနိကအဆောက်အအုံ၊ ပွဲလမ်းသဘင်တို့၌ လျှပ်စစ်ဓာတ်အားကို စနစ်တကျတပ်ဆင်သုံးစွဲကြရန် လျှပ်စစ်ဝိုင်ယာကြိုးများနှင့်တကွ မီးခလုတ်၊ မီးချောင်း၊ ပန်ကာ၊ ဘရိတ်ကာ၊ မီးပူ၊ လျှပ်စစ်မီးဖို၊ ရေခဲသေတ္တာ၊ လေအေးပေးစက်စသည့် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို သတိထားသုံးစွဲကြရန် ပျက်လျှင်ပြင်ကြရန် အက်ကွဲလျှင် မသုံးကြရန် သတိပေးလိုပါသည်။

အချုပ်ဆိုရပါမူ-

**သင့်ကြောင့် မီးမလောင်ပါစေနှင့်**
**လျှပ်စစ်ကြောင့် မီးမလောင်ပါစေနှင့်**
**မည်သည့်အကြောင်းကြောင့်မှ မီးမလောင်ပါစေနှင့်**
**မီးဘေးရှောင်လို့ မလောင်ခင်တားကြပါ။**

လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများနှင့် ဝိုင်ယာကြိုးများ၊ လျှပ်စစ်ဓာတ်အားဆက်သွယ်တပ်ဆင်သုံးစွဲမှုများကို သတိထားကြပါ။ ညအိပ်ရာဝင်တိုင်း တံခါးပိတ်၍ အပြင်သွားတိုင်း မီးခလုတ်များကို စစ်ဆေးပါ။ ပိတ်ပါ။ မပေါ့ကြပါနဲ့၊ မပျင်းကြပါနဲ့ ခလုတ်တစ်ချက်မပိတ်မိ၍ ပျက်စီးချွတ်ယွင်းနေသော လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို မပြုပြင်ကြ၍ ဝိုင်ယာကြိုးတွေဟောင်းနွမ်းနေ၍ အပူလွန်ကဲပြီး မီးလောင်မှုများ မဖြစ်ပွားရလေအောင် သတိပေးရေးသားလိုက်ရပါတော့သည်။ ။

## (၆၇)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

**ပင်လုံ မတ် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ (၆၇)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားနှင့်အတူ ဆောက်လုပ်ပြီးဖြစ်သော ဝေဠုဝန်(ဝါးတော) ပရိယတ္တိစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာ အခမ်းအနားကို မတ် ၂၃ က ကျင်းပခဲ့သည်။

ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို ပင်လုံမြို့ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးခွန်မောင်လှနှင့် ပင်လုံမြို့အုပ်ချုပ်ရေးမှူး ဦးထိန်လင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းမှပေးပို့သော (၆၇)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့သဝဏ်လွှာကို ပင်လုံပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု ဒုတိယဥက္ကဋ္ဌ ဦးခွန်လှသိန်းကလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ၏ သဝဏ်လွှာကို ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ပင်လုံမြို့ရုံးခွဲတာဝန်ခံ ခွန်ဘိုအောင်ကလည်းကောင်း ဖတ်ကြားသည်။ ဆက်လက်၍ လွိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က အမှာစကားပြောကြားပြီး ပအိုဝ်းအမျိုးသားများ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူ ၈၃ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။



ထို့နောက် ဆောက်လုပ်ပြီးဖြစ်သော ဝေဠုဝန်(ဝါးတော) ပရိယတ္တိစာသင်တိုက် နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ ရှမ်းပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၂၂ ကျောင်းမှ သံဃာ ၂၂၂ ပါးကို ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့သည်။ အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်သည် အလျား ပေ ၁၄၀၊ အနံ ၁၀၆ ပေ၊ အမြင့် ၃၆ ပေရှိ အာရ်စီနှစ်ထပ် အဆောက်အအုံဖြစ်ပြီး ကျပ် ၇၆၅၇ သိန်းကျော် အကုန်အကျခံ၍ မြန်မာမှုလက်ရာများဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

**စစ်ကိုင်း မတ် ၂၅**

၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ မတ် ၂၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်ဌေးရီက အမှာစကားပြောကြားပြီး ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ဒေါက်တာကြည်ကြည်အေးက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲ မိန့်ခွန်းကို ဖတ်ကြားသည်။ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ခဲ့သည်။

တီဘီရောဂါသည် အသေအချာမကုသပါက အသက်အန္တရာယ်ကိုပါ ဖြစ်စေနိုင်သော ကူးစက်ရောဂါတစ်ခုဖြစ်ကာ များသောအားဖြင့် အဆုတ်တွင်ဖြစ်ပွားပြီး အခြားကိုယ်ခန္ဓာ အစိတ်အပိုင်းများတွင်လည်း ဖြစ်ပွားတတ်ကြောင်း၊ ကူးစက်ရာတွင် တီဘီရောဂါဖြစ်နေသူတစ်ဦး ချောင်းဆိုးခြင်း၊ နှာချေခြင်းများမှတစ်ဆင့် တီဘီပိုးများ လေထဲပျံ့နှံ့ကာ လေမှတစ်ဆင့်ကူးစက်နိုင်ကြောင်း၊ ချောင်းဆိုးရက်ကြာလာပါက တီဘီရောဂါ ရှိ မရှိ စစ်ဆေးရန်လိုပြီး ကျန်းမာရေးဌာနက ဖွင့်လှစ်ထားသည့် ဆေးရုံများ၊ ဆေးခန်းများနှင့် dots အမှတ်တံဆိပ်ရှိ ပုဂ္ဂလိကဆေးခန်းများမှ ဆရာဝန်ထံတွင် အခမဲ့စစ်ဆေးကာ လိုအပ်သလို ကြိုတင်ကုသနိုင်ကြောင်း တာဝန်ရှိသူဆရာမတစ်ဦးက တီဘီရောဂါနှင့်ပတ်သက်၍ ရှင်းပြသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျေးရွာအဆင့်မှ မြို့နယ်အဆင့်အထိ ကျန်းမာရေးဆိုင်ရာအခက်အခဲများ ဆွေးနွေး

**ဂန့်ဂေါ မတ် ၂၅**

ကျေးရွာအဆင့်မှ မြို့နယ်အဆင့်ထိ ပြည်သူလူထုကြား ကြုံတွေ့နေရသော ကျန်းမာရေးဆိုင်ရာ အခက်အခဲများအကြောင်းကို ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မတ် ၂၂ ရက်က ပြုလုပ်ခဲ့သည့် ဂန့်ဂေါမြို့နယ် ကျန်းမာရေးကော်မတီ၏ သုံးလပတ် အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး ဂန့်ဂေါခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေလင်းဆွေက အဆိုပါကာလအတွင်း ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကာ Save the Children International မှ အကြီးတန်းစီမံကိန်းအရာရှိ ဒေါက်တာအာဇာနည်လင်းက ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လုပ်ဆောင်ခဲ့ပြီးသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများကို ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက မိခင်၊ မွေးကင်းစနှင့် ငါးနှစ်အောက်ကလေး ကျန်းမာရေးဆိုင်ရာများ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**



**ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသရှိ သမိုင်းဝင်ရွှေမဥ္ဇူရေလယ်ဘုရား (၁၄၇)ကြိမ်မြောက် ဘုရားပွဲသို့ ဘုရားဖူးပြည်သူများ စည်ကားစွာ လာရောက်နေပုံကို မတ် ၂၃ ရက်က တွေ့ရစဉ်။**(ယခုနှစ် ဘုရားပွဲတော်သည် ယခင်နှစ်များထက်ပို၍ စည်ကားပြီး အလှူငွေရရှိမှုမှာလည်း တပေါင်းလဆန်း ၁၀ ရက်မှ ၁၄ ရက်အထိတွင် ယခင်နှစ်က ကျပ်သိန်း ၁၂၀၀ ကျော် ရရှိရာမှ ယခုနှစ်တွင် ကျပ်သိန်း ၁၆၀၀ ကျော်အထိ ရရှိထားပြီဖြစ်ကြောင်း သိရသည်။) **နီတိုး**

# ဘားအံပြည်သူ့ဆေးရုံ၌ ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ (၁၀)ကြိမ်မြောက် သွေးလှူဒါန်း



**ဘားအံ မတ် ၂၅**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ ရဲတပ်ဖွဲ့ဝင်များက ကရင်ပြည်နယ် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ မတ် ၂၄ ရက်က (၁၀)ကြိမ်မြောက် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

အရေးပေါ်လိုအပ်လာသော လူနာများ အဆင်ပြေစေရန်အတွက် ရည်ရွယ်၍ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ အမှတ်(၂)ရဲတပ်ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦးက သွေးလှူဒါန်းခဲ့ခြင်းဖြစ်ပြီး သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး(ယာယီ) ဒုတိယရဲမှူးကြီးထွန်းမြင့်ထွန်းနှင့် ရဲတပ်ဖွဲ့တာဝန်ရှိသူများ၊ ဘားအံဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းတင်နှင့် ဒေါက်တာသီတာစိုးတို့က ကြည့်ရှုအားပေးကာ သွေးလှူရှင်တပ်ဖွဲ့ဝင်များအား ကြက်ဥ၊ အချိုရည်၊ အားဆေးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်**

## သတင်းတိုများ

### မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကွင်းဆင်းကြည့်ရှု

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရွှေတောင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေနှင့် စီမံကိန်းနှင့်ပတ်သက်သည့် ငွေစာရင်း ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပါနှင့် ဝန်ထမ်းများ မတ် ၂၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

### သာကေတလောကဥသျှောင်စေတီတော်ဗုဒ္ဓပူဇနိယပူဇော်ပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက်နေပြည်သူများ တည်ထားကိုးကွယ်သော လောကဥသျှောင်မြတ်ဘုန်းခေါင်စေတီတော် ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ စည်ကားစွာကျင်းပခဲ့ပြီး ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မပူဇာသဘင်အဖြစ် တပေါင်းလဆန်း ၁၃ ရက်တွင် ချင်းတောင်တန်းသာသနာပြုဆရာတော်၊ ၁၄ ရက်တွင် စံရိပ်ငြိမ်ဆရာတော်နှင့် လပြည့်နေ့တွင် နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဉာဏိန္ဒ(ဖျာပုံ)တို့က တရားတော်များ ဟောကြားခဲ့ကြောင်း သိရသည်။
**အောင်အောင်**

# တပ်ကုန်းမြို့နယ် စာရေးဆရာအသင်း အစည်းအဝေးကျင်းပ

**တပ်ကုန်း မတ် ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၀ ရက်က ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ အစည်းအဝေးကို ကျင်းပ၍ ဥက္ကဋ္ဌ ဦးမောင်ပုနှင့် အတွင်းရေးမှူး ဦးတင်ထွန်းတာတို့ အပါအဝင် အမှုဆောင်အဖွဲ့ဝင်ငါးဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။
**တင်ထွန်းတာ**



# ကျေးရွာချင်းဆက်လမ်း ကိုယ့်အားကိုယ်ကိုးပြုပြင်

**မြင်းမူ မတ် ၂၅**

မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာနှင့် ပဲကူကျေးရွာကြား ကျေးရွာချင်းဆက်လမ်းကို ပဲကူကျေးရွာ မြတ်သစ္စာကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းကြီးက ဦးဆောင်၍ အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် မတ် ၂၄ ရက်က ပြုပြင်ခင်းကျင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် ဝမ်းပြည့်ကျေးရွာ၊ ပဲကူကျေးရွာ၊ ရုံးကား ကျေးရွာ၊ ညောင်ပင်ကန်ကျေးရွာ၊ မလဲသာကျေးရွာမှ အရာတော်သို့ ပေါက်ရောက်သော ကျေးလက်လမ်းမကြီး၏ လမ်းပိုင်းတစ်ခုဖြစ်ပြီး ပဲကူကျေးရွာမှ အလှူရှင် ဦးစံလင်းမိသားစု၏ လှူဒါန်းမှုဖြင့် ဂျင်းကျောက်ကား အစီးရေ ၂၀ ဖြင့် မြတ်သစ္စာကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းကြီးမှ အသင်းသူ အသင်းသားများ စုပေါင်း၍ ပြုပြင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်းသည် နှစ်စဉ် မိုးရာသီကာလတစ်လျှောက်လုံးတွင် ရွံ့ဗွက်များ ထူထပ်ကာ သွားလာရေးခက်ခဲသဖြင့် အသင်းကြီးအနေဖြင့် ပြီးခဲ့သည့်နှစ် နွေရာသီကလည်း ပြုပြင်ခဲ့ရကြောင်းနှင့် တာဝန်ရှိသူများအနေဖြင့် လမ်းကို ရာသီမရွေး သွားလာနိုင်အောင် ပြုပြင်ခင်းကျင်းပေးစေလိုကြောင်း အသင်းကြီး၏ နာယကဆရာတော်ဦးအာရမ္ဘဏနှင့် ဦးကေလာသတို့က မိန့်ကြားသည်။ **(၀၇၇)**

# တောင်သာမြို့နယ်ခန်းမကြီး ပြင်ဆင်မွမ်းမံ

**တောင်သာ မတ် ၂၅**

၂၀၁၄ ခုနှစ် ဇန်နဝါရီမှစ၍ အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ကာ အသုံးပြုခွင့်ရပ်ဆိုင်းထားခဲ့သော တောင်သာမြို့နယ်ခန်းမကြီးကို ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိရာ ခန်းမအတွင်းရှိ ကြမ်းခင်းမျက်နှာပြင် အနိမ့်ပိုင်းနှင့် ဝင်ပေါက်မြေနေရာများတွင် သဲထည့်၍ ကွန်ကရစ်လောင်းခြင်းအပါအဝင် ပြုပြင်မွမ်းမံခြင်းများကို မတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ငွေနဲ့ လိုအပ်တဲ့မြားတန်း၊ မျက်နှာကြက်၊ အမိုးသွပ်၊ မြင်းမိုရ်ပိတ်၊ လျှပ်စစ်မီးလိုင်း၊ မီးလုံး၊ မီးချောင်း၊ လေ့ကား၊ တံခါးရွက်၊ အခင်းနဲ့ ဆေးသုတ်လုပ်ငန်းတွေကို ပြုပြင်ပြီးပါပြီ၊ အခုအနိမ့်ပိုင်းဖြစ်နေတဲ့နေရာကို ပြင်ပြီးရင် အသုံးပြုလို့ရပါပြီ"ဟု စည်ပင်သာယာဦးစီးအရာရှိ ဦးမြင့်ဟန်က ပြောသည်။

အဆိုပါခန်းမကြီးကို မြို့နယ်အားကစားခန်းမအဖြစ် အသုံးပြုခွင့် ရပ်ဆိုင်းကာ စည်ပင်သာယာ သို့ လွှဲပြောင်းခဲ့ပြီး အလျား ပေ ၁၀၀၊ အနံ ၆၁ ပေခွဲရှိ ခန်းမအနိမ့်ပိုင်းနေရာများကို အမြင့်တစ်ပေခွဲရှိလာအောင် ပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။

တောင်သာမြို့နယ် စည်ပင်သာယာအနေဖြင့် ယခုနှစ်တွင် အရပ်ရပ်ဝင်ငွေကျပ်သိန်း ၁၉၀၀ အထိရရှိခဲ့၍ မူလလျာထားခွင့်ပြုငွေခေါင်းစဉ်အောက်မှ ထပ်မံတိုးမြှင့်ပေးခြင်းဖြစ်ကာ မြို့နယ်၏ဝင်ငွေရရှိမှုအပေါ် မြို့သာယာလှပရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။
**လင်းလက်ကြယ် (တောင်သာ)**



ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

# ပြိုင်ဆိုင်မှု မြင့်မားမယ့် ပါရာဂွေးနှင့်ဘရာဇီးတို့ရဲ့ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ

မိုးမြင့်လင်းလက်

**၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့ တောင်အမေရိကဇုန် ပွဲစဉ်တွေကို မတ် ၂၉ ရက်မှာ ဆက်လက်ကစားဦးမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ နာမည်ကြီးဘရာဇီးတို့က အဝေးကွင်းမှာ ပါရာဂွေးကို ရင်ဆိုင်ကစားရမှာဖြစ်ပြီး အာဂျင်တီးနားတို့ကတော့ အိမ်ကွင်းမှာ ဘိုလီးဗီးယားကို ဧည့်ခံကစားရမှာဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်ဖို့ ရလဒ်ကောင်းတွေ ပိုင်ဆိုင်မှုဖြစ်မယ့် အသင်းကြီးတွေအတွက်တော့ ခြေကုန်ထုတ်ရဦးမယ့်ပွဲတွေပဲ ဖြစ်ပါတယ်။**

### ပါရာဂွေးနှင့်ဘရာဇီး

တောင်အမေရိကဇုန်မှာတော့ ဘရာဇီးတို့ လေးပွဲကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲ သရေနဲ့ ခုနစ်မှတ်ရပြီး တတိယနေရာမှာ ရပ်တည်နေပါတယ်။ ဘရာဇီးဟာ အိမ်ကွင်းမှာ အာဂျင်တီးနားကို သရေကစားခဲ့ပြီး ပီရူးနဲ့ဗင်နီဇွဲလားကို ဂိုးပြတ်သွင်းနိုင်ပွဲတွေ ရယူထားပါတယ်။ ဘရာဇီးရဲ့ တိုက်စစ်ပိုင်းက အကောင်းဆုံးအနေအထားရှိနေတာမို့ ပါရာဂွေးတို့ သတိထားရမှာဖြစ်ပါတယ်။ ပါရာဂွေးတို့ကလည်း လေးပွဲကစားပြီးတဲ့အထိ ခုနစ်မှတ်ရရှိထားတာမို့ နှစ်သင်းစလုံး ဒီပွဲမှာ အများမခံဘဲ အမှတ်ရသလောက် စုဆောင်းကြပါလိမ့်မယ်။ တိုက်စစ်ပိုင်းမှာ ပါရာဂွေးတို့ အားနည်းပေမယ့် ခံစစ်မှာတော့ ပါရာဂွေးတို့က ကျစ်လျစ်ပါတယ်။ ဘရာဇီးတို့ ဒီပွဲမှာ ဂိုးမပြတ်နိုင်ပေမယ့် ကပ်ပြီးနိုင်သွားပါလိမ့်မယ်။

### အာဂျင်တီးနားနှင့်ဘိုလီးဗီးယား

အာဂျင်တီးနားတို့က လေးပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားတာမို့ ငါးမှတ်ရရှိထားပါတယ်။ ပါရာဂွေးကို နှစ်ပွဲစလုံး သရေကစားခဲ့တဲ့ ခြေစွမ်းက အသင်းလိုက်ကစားအား ကျဆင်းတာကိုပြသနေပါတယ်။ ဒါ့အပြင် အာဂျင်တီးနား တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကလည်း အားရစရာမရှိတာမို့ ဒီပွဲမှာ နိုင်ပွဲပြန်ရအောင် ရှာဖွေနိုင်မလားကြည့်ရမှာပါ။ ဘိုလီးဗီးယားတို့က လက်ရှိ ခြေစွမ်းအရ အာဂျင်တီးနားကို ယှဉ်နိုင်ဖို့ မလွယ်ပါဘူး၊ ခံစစ်ပိုင်းဆိုးရွားနေတဲ့ ဘိုလီးဗီးယားကို အာဂျင်တီးနားတို့ အိမ်ကွင်းမှာ အသာစီးရယူပြီး နိုင်ပွဲရအောင် ဖော်ဆောင်သွားပါလိမ့်မယ်။

### ကိုလံဘီယာနှင့် အီကွေဒေါ

ဘိုလီးဗီးယား၊ ဥရုဂွေးနဲ့ ဗင်နီဇွဲလားအသင်းတွေကို ဆက်တိုက်နိုင်ပွဲရယူထားတဲ့ အီကွေဒေါတို့ရဲ့ ခြေစွမ်းက ကိုလံဘီယာတို့ အလေးထား ကစားမှုရပါလိမ့်မယ်။ ကိုလံဘီယာတို့ကတော့ လေးပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ နှစ်ပွဲရှုံးနဲ့ နှစ်မှတ်သာရထားတာမို့ ဒီပွဲမှာ အားထည့်ကစားပါလိမ့်မယ်။ ဒါပေမယ့် ကိုလံဘီယာတိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းဆောင်မှုက အားရစရာမရှိတာမို့ ဒီပွဲမှာအမှတ်မျှော်လင့်လို့ မရနိုင်တဲ့ အနေအထားပါ။ အီကွေဒေါရဲ့ အားထုတ်မှုက ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရရှိစေမှာ ဖြစ်ပါတယ်။

### ဥရုဂွေးနှင့်ပီရူး

ကိုလံဘီယာနဲ့ ချီလီအသင်းတွေကို ဂိုးပြတ်သွင်းနိုင်ပွဲရခဲ့တဲ့ ဥရုဂွေးဟာ အီကွေဒေါကိုတော့ ရှုံးထားပါတယ်။ လေးပွဲကစားပြီးချိန်မှာ ကိုးမှတ်ရရှိထားတဲ့ ဥရုဂွေးဟာ ခြေစစ်ပွဲအောင်ဖို့အတွက် ပီရူးကို အနိုင်ကစားဖို့ ခြေကုန်ထုတ်ပါလိမ့်မယ်။ ပီရူးတို့ကတော့ လေးပွဲကစားပြီးချိန်အထိတော့ တစ်ပွဲနိုင်၊ သုံးပွဲရှုံးထားတာမို့ သုံးမှတ်ပဲရထားပါသေးတယ်။ လက်ရှိခြေစွမ်းအရ ဒီပွဲဟာဥရုဂွေးတို့ သုံးမှတ်အပြည့်ရယူမယ့် ပွဲပါပဲ။



### ဗင်နီဇွဲလားနှင့် ချီလီ

ချီလီတို့က မထင်မှတ်ပဲ နိုင်ပွဲ၊ သရေပွဲတွေရရှိနေတာမို့ မျှော်လင့်ချက်ရှိနေပါတယ်။ ချီလီတို့က လေးပွဲကစားပြီးချိန်မှာ ခုနစ်မှတ်ရရှိနေပြီး ဗင်နီဇွဲလားတို့ကတော့ လေးပွဲကစားပြီးတဲ့အထိ တစ်ပွဲမှ နိုင်ပွဲမရသေးပါဘူး၊ ဒါကြောင့် ချီလီတို့က တိုက်စစ်ကောင်းကောင်းဖွင့်ပြီး ဗင်နီဇွဲလားကို ဂိုးပြတ်သွင်းနိုင်ရေး ကြိုးစားပါလိမ့်မယ်။ ချီလီတို့ရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို ထိုးဖောက်လာရင် အမှားအယွင်းတွေလုပ်တတ်တာကို ပြင်ဆင်ရပါလိမ့်မယ်။ ဒီပွဲက ချီလီတို့ အနိမ့်ဆုံးတစ်မှတ်ရနိုင်တဲ့ပွဲပါ။ ။



## ရာသီအကြိုပွဲ မန်ယူနဲ့ မန်စီးတီး တရုတ်မှာတွေ့မယ်

မန်ယူအသင်းအနေနဲ့ ရာသီအကြိုပွဲအဖြစ် တရုတ်နိုင်ငံမှာ သွားရောက်ကစားဖို့ ရှိပါတယ်။ မန်ယူနဲ့မန်စီးတီးတို့ဟာ ဇူလိုင် ၂၅ ရက်မှာ ပေကျင်းမြို့မှာ သွားရောက်ကစားကြမှာဖြစ်ပါတယ်။ အနီရောင်နတ်ဆိုးအသင်းအနေနဲ့ ဇူလိုင် ၂၈ ရက်မှာတော့ ရှန်ဟိုင်းမြို့မှာ ဒေါ့မွန်အသင်းနဲ့ ကစားမှာဖြစ်ပါတယ်။ မန်ယူအသင်းဟာ အင်တာနေရှင်နယ် ချန်ပီယံဖလား အစိတ်အပိုင်းတစ်ရပ်အဖြစ် ရှစ်ရက်ကြာခရီးအဖြစ်သွားရောက်မှာဖြစ်ပါတယ်။ မန်ယူအသင်းဟာ ၁၉၇၅ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံကို သွားရောက်ကစားမှာဖြစ်ပါတယ်။ မန်ယူအနေနဲ့ အဓိက ပြိုင်ဘက်အသင်းဖြစ်တဲ့ မန်စီးတီးအသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။ ဒီပွဲဟာ နည်းပြဖြစ်လာမယ့် ဂွာဒီယိုလာရဲ့ ပထမဆုံးပွဲတွေဖြစ်လာဖို့ ရှိနေပါတယ်။ နည်းပြ ဂွာဒီယိုလာအနေနဲ့ မန်စီးတီးကို အကောင်ဆုံး တည်ဆောက်သွားဖို့ ရှိနေပြီး ရာသီအကြိုမတိုင်မီ ထိပ်သီးကစားသမား သုံးဦးကိုခေါ်ယူသွားဖွယ်ရှိပါတယ်။

## ရိုးမားကွင်းလယ်လူကို ချယ်လ်ဆီးနဲ့ ဂျူဗင်တပ်စ် ပစ်မှတ်ထား

ရိုးမားကွင်းလယ်ကစားသမား ရာဂျာနိုင်ဂိုလန်ကို ချယ်လ်ဆီးနဲ့ ဂျူဗင်တပ်စ်တို့က အပြိုင်ခေါ်ယူဖို့ ကြိုးစားနေပြီလို့ ဆိုပါတယ်။ ချယ်လ်ဆီးက နိုင်ဂိုလန်ကို စာချုပ်ဖို့ စိတ်ဝင်စားနေတာပါ။ ချယ်လ်ဆီးအနေနဲ့ စီးရီးအေအင်အားကြီးကလပ် ဂျူဗင်တပ်စ်နဲ့အပြိုင် ခေါ်ယူရမှာ ဖြစ်ပါတယ်။ ဘယ်လ်ဂျီယံကစားသမား နိုင်ဂိုလန်ကို ပေါင် ၂၅ သန်းနဲ့ အပြိုင်ခေါ်ယူဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ချယ်လ်ဆီးနည်းပြ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ရတဲ့ နည်းပြအန်တိုနီယိုကွန်တီးအနေနဲ့ ကွင်းလယ်ကစားသမား နိုင်ဂိုလန်ကို ခေါ်ယူဖို့ စိတ်အား ပြင်းပြနေပါတယ်လို့ ဆိုပါတယ်။ ကွန်တီးအနေနဲ့ ပထမဆုံးခေါ်ယူမယ့် ကစားသမားဖြစ်လာဖို့ ရှိပါတယ်။ အသက် ၂၇ နှစ်အရွယ်သာ ရှိသေးတဲ့ ကွင်းလယ်ကစားသမား နိုင်ဂိုလန်ဟာ ရိုးမားအသင်းမှာ အဓိကခြေစွမ်းပြကစားနေတာဖြစ်ပါတယ်။ နည်းပြသစ်ဖြစ်လာမယ့် ကွန်တီးအနေနဲ့ ချယ်လ်ဆီးအသင်းကို အကောင်းဆုံးအသင်းအဖြစ် ပြန်လည်တည်ဆောက်ဖို့ ရှိနေပါတယ်။





## စတာရစ်ကို ပစ်မှတ်ထားတဲ့ ပီအက်စ်ဂျီ

ပီအက်စ်ဂျီအသင်းရဲ့ အမာခံကစားသမားနှစ်ဦးဖြစ်တဲ့ ဇလက်တန်အီဘရာဟီမိုဗစ်နဲ့ ကာဗာနီတို့ ပြင်သစ်မြို့တော်ကနေ ထွက်ခွာဖို့ ပြင်ဆင်နေချိန်မှာ လီဗာပူးတိုက်စစ်မှူး စတာရစ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ ပီအက်စ်ဂျီကိုယ်စားလှယ်တွေဟာ အင်္ဂလန်နဲ့ဟော်လန်ပွဲကို စောင့်ကြည့်ဖို့ လန်ဒန်ကို ရောက်ရှိနေကြပါတယ်။ ပီအက်စ်ဂျီက လီဗာပူးတိုက်စစ်မှူး စတာရစ်ကို ပေါင် ၄၅ သန်းနဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ စတာရစ်ဟာ အင်္ဂလန်နဲ့ ဟော်လန်တို့ရဲ့ ချစ်ကြည်ရေးပွဲမှာ ပါဝင်ကစားဖွယ်ရှိနေပါတယ်။ ပီအက်စ်ဂျီနည်းပြ လောရင့်ဘလန့်အနေနဲ့ ကာဗာနီနဲ့ အီဘရာဟီမိုဗစ်တို့ကို ရောင်းထုတ်ပြီး စတာရစ်ကို ခေါ်ယူသွားမယ့် အနေအထားရှိနေပါတယ်။ သို့ပေမယ့် စတာရစ်အနေနဲ့ ဒီနှစ်ရာသီမှာတော့ ဒဏ်ရာရမှုတွေကြောင့် ကောင်းကောင်းခြေစွမ်းပြနိုင်ခြင်းမရှိပါဘူး။ မန်ယူ၊ အာဆင်နယ်နဲ့ချယ်လ်ဆီးအသင်းတွေမှာ ဈေးကွက်အရ ရောင်းထွက်သွားမယ့် အနေအထား ဖြစ်ပါတယ်။ ဟီဘရာဟီမိုဗစ်ကတော့ တစ်ပတ်ကို ပေါင် ၃၀၀၀၀၀ ရဖို့ တောင်းဆိုနေပြီး ကာဗာနီကတော့ တစ်ပတ်ပေါင် ၂၁၅၀၀၀ ရဖို့ တောင်းဆိုနေတယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

**New Product**

## စွမ်းဆောင်ရည်မြင့် နောက်ကင်မရာပါဝင်တဲ့ Asus Zenfone Zoom

Asus Zenfone Zoom ဟာ Asus က ထုတ်လုပ်ထားတဲ့ Zenfone စီးရီးတွေထဲက တန်ဖိုးကြီးဖုန်းမော်ဒယ်တစ်ခု ဖြစ်ပါတယ်။ ၂၀၁၅ ဒီဇင်ဘာလအတွင်းမှာ နိုင်ငံတကာဈေးကွက်မှာ စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ ဇန်နဝါရီလကုန်ပိုင်းက စတင်ဝင်ရောက်ထားတာဖြစ်ပါတယ်။

Asus Zenfone Zoom ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပြီး Resolution က 1080 x 1920 pixels အထိရှိလို့ ရုပ်ထွက်ပိုင်း ကောင်းမွန်ပါတယ်။ မျက်နှာပြင်ကို ထိခိုက်ပွန်းပဲ့တာတွေက ကာကွယ်ဖို့ Corning Gorilla Glass 4 အုပ်ထားပါတယ်။ အန်းဒရွိုက်ဗားရှင်း 5.0(Lollipop) ကို သုံးထားပြီး CPU က Quad-core 2.5 GHz Processor နဲ့ RAM က 4GB အထိရှိလို့ လုပ်ဆောင်ချက်အများအပြားကို လေးလံသွားတာမရှိဘဲ သုံးနိုင်မှာပါ။ မင်မိုရီပိုင်းမှာ 32GB, 64GB နဲ့ 128GB လို့ သုံးမျိုးထွက်ထားပြီး Micro SD ကတ်ကို 128GB အထိ ထပ်စိုက်သုံးနိုင်တာကြောင့် မင်မိုရီမလုံလောက်တာမျိုး မကြုံနိုင်တာမို့ စိတ်ကျေနပ်စရာဖြစ်ပါတယ်။

ကင်မရာပိုင်းအနေနဲ့တော့ ၁၃ မဂ္ဂါပစ်ဇယ်ရှိတဲ့ နောက်ကင်မရာမှာ Zenfone Zoom အမည်နဲ့ လိုက်ဖက်အောင် 3x optical zoom ကို ပေါင်းထည့်ပေးထားပြီး dual-LED flash မီးလည်း ပါဝင်ပါတယ်။ Geo-tagging, touch focus, face detection, panorama, HDR စတဲ့ လုပ်ဆောင်ချက်တွေကိုလည်း ထပ်ထည့်ပေးထားလို့ နောက်ကင်မရာဟာ အပြစ်ဆိုစရာမရှိပေမယ့် ရှေ့ကင်မရာက ၅မဂ္ဂါပစ်ဇယ်ပဲရှိလို့ ဆယ်လ်ဖီဝါသနာရှင်တွေအတွက်တော့ သိပ်ပြီးစိတ်ကျေနပ်စေမှာမဟုတ်ပါဘူး။

မိုဘိုင်းနက်ဝပ်က GSM ဖြစ်ပြီး ဆင်းကတ်တစ်ကတ်ပဲ ထည့်သုံးနိုင်မှာဖြစ်ပါတယ်။ အင်တာနက်ကိုတော့ 4G(LTE)အထိ ထောက်ပံ့ပေးထားပါတယ်။ ဘက်ထရီပိုင်းမှာတော့ အရည်အသွေးကောင်းတဲ့ Li-Po 3000 mAh ဘက်ထရီကို သုံးထားလို့ ကြာရှည်အသုံးခံနိုင်မယ့်အပြင် အလျင်အမြန်အားသွင်းနိုင်တဲ့ Fast Charging စနစ်လည်း ပါဝင်ပါတယ်။

Asus Zenfone Zoom ဟာ စွမ်းဆောင်ရည်မြင့်တဲ့ နောက်ဘက်ကင်မရာအပါအဝင် လုပ်ဆောင်ချက်အမြင့်တွေ ပါဝင်တဲ့ မော်ဒယ်မြင့်၊ တန်ဖိုးမြင့်ဖုန်းဖြစ်တဲ့အတွက် လက်ရှိ ပြည်တွင်းဈေးကွက်မှာရောင်းချနေတဲ့ ဈေးနှုန်းက ကျပ်ခုနစ်သိန်းနီးပါး ရှိနေပါတယ်။

**သူရဖြိုး**



# ပြည်တွင်းအင်တာနက်သုံးသူများ ကြည့်ရှုမှုအများဆုံး ဝက်ဘ်ဆိုက် ၅၀ စာရင်းတွင် အွန်လိုင်းကြော်ငြာနှင့် အလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်များ ပါဝင်

**ရန်ကုန် မတ် ၂၅**

ကမ္ဘာအရပ်ရပ်မှ ဝက်ဘ်ဆိုက်များ၏ ဝင်ရောက်ကြည့်ရှုသူဦးရေ နှုန်းထားကို ဆန်းစစ်ဖော်ပြပေးသော Similar Web ၏ ယခုနှစ် ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံမှ ပြည်သူများ အများဆုံးကြည့်ရှုကြသော ထိပ်ဆုံးဝက်ဘ်ဆိုက် ၅၀ စာရင်းတွင် မြန်မာနိုင်ငံမှ လွှင့်တင်ထားသော ဝက်ဘ်ဆိုက် ၇ ခု ပါဝင်လာကြောင်း သိရသည်။

အဆိုပါ ဝက်ဘ်ဆိုက် ၅၀ စာရင်းတွင် Search Engine ဝက်ဘ်ဆိုက် google.com က ပထမနေရာ၊ ဆိုရှယ်နက်ဝပ် Facebook က ဒုတိယနေရာနှင့် Google ၏ မြန်မာဘာသာဝက်ဘ်ဆိုက် google.com.mm က တတိယနေရာတွင် ရှိနေသည်။ ယခင်နှစ်က စာရင်းအရလည်း ထိုဝက်ဘ်ဆိုက်သုံးခုမှာ မြန်မာနိုင်ငံမှ လူသုံးအများဆုံးဝက်ဘ်ဆိုက်စာရင်းတွင် ထိပ်ဆုံးနေရာ၌ရှိခဲ့ပြီး ယခုနှစ်တွင်လည်း ထိပ်ဆုံးနေရာများ ဆက်ရနေခဲ့သည်။

မြန်မာစာတန်းထိုး နိုင်ငံခြားရုပ်ရှင်များ မျှဝေပေးသည့် Channelmyanmar.com က အဆင့်(၉)ဖြင့် ပထမဆုံး ပြည်တွင်းဝက်ဘ်ဆိုက်နေရာတွင် ရှိနေပြီး သတင်းဝက်ဘ်ဆိုက် Thithtoolwin.com က အဆင့်(၁၁) ဖြင့် ဒုတိယနေရာ၊ အွန်လိုင်းကြော်ငြာဝက်ဘ်ဆိုက် shop.com.mm ကအဆင့်(၁၅) ဖြင့် တတိယနေရာတွင် ရှိနေသည်ကို တွေ့ရသည်။ အဆင့်(၁၉) တွင် ဟာသတိုများ၊ ဟာသပုံများ၊ ဗီဒီယိုများကြည့်နိုင်သော Funny.com.mm ဝက်ဘ်ဆိုက်၊ အဆင့်(၃၇)တွင် အလုပ်ရှာဖွေရေး Myjobs.com.mm ဝက်ဘ်ဆိုက်၊ အဆင့်(၄၀)တွင် အခမဲ့ကြော်ငြာနိုင်သော Ads.com.mm ဝက်ဘ်ဆိုက်နှင့် အဆင့်(၄၁) တွင် သတင်းမီဒီယာ 7Daydaily.com ဝက်ဘ်ဆိုက်တို့ ရှိနေကြသည်။

အဆိုပါ စာရင်းများအရ ပြည်တွင်းမှ အင်တာနက်သုံးသူများအနေဖြင့် အင်တာနက်ကို ဖျော်ဖြေရေးနှင့် ဆက်သွယ်ရေးအနေဖြင့် သုံးသကဲ့သို့ အရောင်းအဝယ်လုပ်ခြင်း၊ အလုပ်အကိုင်ရှာဖွေခြင်း၊ သတင်းအချက်အလက်များ ရယူခြင်းစသည့် အကျိုးရှိသည့်နေရာများတွင်လည်း သုံးနေကြသည်ကို တွေ့နိုင်သည်။

"လက်ရှိမြန်မာပြည်အတွင်း လူကြိုက်အများဆုံးဖြစ်တဲ့ ချန်နယ်မြန်မာ၊ သစ်ထူးလွင်၊ Shop.com,Funny.com, MyJobs.com, ads.com.mm နဲ့ 7Daydaily.com တွေမှာဆိုရင် နိုင်ငံခြားက ကြည့်ရှုတဲ့အရေအတွက်ထက် ပြည်တွင်းက ကြည့်ရှုသူဦးရေဟာ သိသိသာသာမြင့်တက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံခြားအနေနဲ့ဆို ထိုင်း၊ စင်ကာပူ၊ မလေးရှားနဲ့ ဂျပန်နိုင်ငံတွေက ကြည့်ရှုမှုပိုများတာကိုလည်း တွေ့ရပါတယ်။ လက်ရှိ မြန်မာပြည်တွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းပညာရှင်အများစုကလည်း ဈေးကွက်ထိုးဖောက်ရာမှာ အွန်လိုင်းကိုပဲ အဓိကထားလုပ်ဆောင်လာကြတာကိုလည်း တွေ့ရှိလာရပါတယ်။ ကြော်ငြာတွေကိုဆိုလည်း အွန်လိုင်းကနေ bannar တွေနဲ့ ပိုကြော်ငြာလာတာကိုတွေ့ရပါတယ်"ဟု ပြည်တွင်းဝက်ဘ်ဆိုက်များကို အသုံးပြုနေပုံများနှင့်ပတ်သက်၍ အဆိုပါစာရင်းတွင်ပါဝင်နေသော အခမဲ့ကြော်ငြာဝက်ဘ်ဆိုက် www.ads.com.mm မှ Public Relations တာဝန်ခံ Mr.Elijah Htang က ရှင်းပြသည်။




အွန်လိုင်းစီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစတင်၍ လုပ်ဆောင်ခဲ့ကြသော်လည်း ပြည်သူအများစုမှာ နည်းပညာနှင့် အလှမ်းဝေးနေခဲ့မှုကြောင့် လုပ်ငန်းတွင်ကျယ်မှုနည်းခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာပြည်အတွင်း မိုဘိုင်းအင်တာနက်ကွန်ရက် ကျယ်ပြန့်စွာပေါ်ထွက်လာပြီးနောက်တွင်မှ အွန်လိုင်းဈေးကွက်များမှာ အလုပ်တွင်ကျယ်လာပြီး စီးပွားရေးလုပ်ငန်းရှင်များအပြင် အွန်လိုင်းရှော့ပင်းကို စွန့်ဦးတီထွင်လုပ်ငန်းအနေဖြင့်လုပ်လိုသော လူငယ်များ၏ အားထားရာဈေးကွက်တစ်ခု ဖြစ်လာခဲ့သည်။ လက်ရှိအချိန်တွင် အွန်လိုင်းရှော့ပင်းဈေးကွက်၌ အသုံးပြုသူများအနေဖြင့် ဈေးဝယ်လျှင် သတိထားရမည့် လုံခြုံရေးအချက်များကို နားလည်သဘောပေါက်လာပြီး ရောင်းသူဝယ်သူများကြား ပိုအဆင်ပြေလာကြောင်း၊ Delivery Service များလည်း ပိုကောင်းလာသည့်အတွက် အွန်လိုင်းလက်လီလက်ကားဈေးကွက်များမှာ ရှေ့ဆက်၍လည်း ပိုကောင်းလာဖွယ်ရှိနေကြောင်း သိရသည်။

Similar Web သည် နိုင်ငံအသီးသီးမှ အင်တာနက်အသုံးပြုမှုနှုန်းထားများနှင့် အင်တာနက်တွင် ဝင်ရောက်ကြည့်ရှုမှုအများဆုံးဝက်ဘ်ဆိုက်များကို ရှာဖွေနိုင်ရန် ဝန်ဆောင်မှုပေးသည့် ဝက်ဘ်ဆိုက်ဖြစ်ကာ နိုင်ငံအသီးသီးမှ ဝင်ရောက်ကြည့်ရှုမှုအများဆုံးဝက်ဘ်ဆိုက်များကို နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံမှ ဝင်ရောက်ကြည့်ရှုမှုအများဆုံး ဝက်ဘ်ဆိုက်များစာရင်းတွင် မြန်မာဝက်ဘ်ဆိုက်များ ပါဝင်သည်မှာ ၂၀၁၄ နှင့် ၂၀၁၅ နှစ်နှစ်သာရှိသေးပြီး ယခင်နှစ်များတွင် နိုင်ငံတကာ ဝက်ဘ်ဆိုက်များဖြစ်သော Google, Gmail, Facebook နှင့် Youtube စသည့် ဝက်ဘ်ဆိုက်များကိုသာ ပြည်တွင်းမှ အင်တာနက်သုံးသူများ အများဆုံး ဝင်ရောက်အသုံးပြုခဲ့ကြသည်ကို တွေ့ရသည်။

**သူရဖြိုး**




# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

F M I

YOMA STRATEGIC HOLDINGS ၏
အဖွဲ့ဝင်ကုမ္ပဏီဖြစ်သည့်

**FIRST MYANMAR INVESTMENT**

သည် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် စတင်မည့်
ရန်ကုန်စတော့အိတ်ချိန်းတွင် ပထမဦးဆုံးကုမ္ပဏီအဖြစ်
အောင်မြင်စွာစာရင်းဝင်နိုင်ခဲ့သည့်အတွက်
ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

YOMA
STRATEGIC HOLDINGS LTD.





ဆွေသဟာ ရဲ့ ၅၅ မိနစ် အခမဲ့ပြော အစီအစဉ်သည်
မိနစ် ၆၀ ဖုန်းခေါ်ဆိုမှုတိုင်းအတွက် ဖြစ်ပြီး အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

- ညနေ (၆) နာရီ နှင့် ည (၁၀) နာရီကြားမှလွဲ၍ ကြိုက်သည့် အချိန်တွင် ဤအစီအစဉ်အား အသုံးပြုနိုင်ပါသည်။
- ဖုန်းတစ်ခါခေါ်တိုင်း တစ်နာရီအတွင်းဆက်တိုက်ပြောဆိုမှုများအတွက် ပထမ (၅) မိနစ်စာအတွက်သာ ကျသင့်မည်ဖြစ်ပြီး နောက်ထပ်(၅၅) မိနစ်ထိ အခမဲ့ပြောဆိုနိုင်ပါသည်။
- မိနစ် ၆၀ ကျော်လွန်သွားပါက ပုံမှန်နှုန်း ၁မိနစ် ၂၃ ကျပ်ဖြစ်ပါသည်။
- ဤအစီအစဉ်သည် MPT ဖုန်းအချင်းချင်းခေါ်ဆိုရန် အတွက်သာဖြစ်ပါသည်။
- ဆွေသဟာကို အခမဲ့စာရင်း ပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။

ဤအစီအစဉ်မှာ ၂၀၁၆ ခုနှစ် ဧပြီလ (၁၆) ရက်နေ့အထိ ဖြစ်ပါသည်။

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial

CALL CENTER 106 | free hotline 24 hours everyday

# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်း၊ ကမ္ဘာ့အေးဘုရားလမ်း၊ အမှတ် (92-A, C,D) နေ
ဦးအေးမြင့်ဦး (President of AYE'S FAMILY Co.,Ltd, Yangon Myanmar, NAOO International Co.,Ltd, Tokyo Japan & A-AMO PTE CORPORATION, U.S.A)-
ဒေါ်ခင်အေးခိုင် (Director of AYE'S FAMILY Co.,Ltd.) တို့၏ တစ်ဦးတည်းသော သား

## မောင်စိုးလင်းဦး

**B.Sc(Computer Science), Tokyo Multimedia College, Japan**
**Director (AYE'S FAMILY Co.,Ltd)**
**Managing Director (NAOO International Co.,Ltd, Tokyo, Japan)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးယုကြည်)-ဒေါ်ကျင်ဥတို့၏ မြေး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (51-C)နေ
ဒေါက်တာမိုးကျော်(တော်ဝင်ကိတ်)-(ဒေါက်တာဥမ္မာစိုး)တို့၏ တစ်ဦးတည်းသောသမီး

## ဒေါက်တာမေမိုး

**M.B.,B.S(Ygn)**

တို့၏ ၂-၃-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် Sule Shangri-La Hotel (Myanmar Ballroom) ၌ ကျင်းပပြီးစီးခဲ့သော စေ့စပ်မင်္ဂလာပွဲအခမ်းအနားတွင် မင်္ဂလာစေ့စပ်လက်စွပ် ဆင်မြန်းပေးခဲ့ပါသော ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်]နှင့် ဇနီး ဒေါက်တာနွယ်နီအောင်အားလည်းကောင်း၊ မင်္ဂလာစေ့စပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာဇေတ်ရည်စိုးအားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces Music Band နှင့် တေးသံရှင်များအားလည်းကောင်း၊ ၆-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Inya Room Level-11) ၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားသူကြီးချုပ် ဦးဝင်းဆွေ (ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်)အားလည်းကောင်း၊ မင်္ဂလာစကားချီးမြှင့်ပေးပါသော ဝဏ္ဏကျော်ထင် ပါမောက္ခ ဒေါက်တာတင်အောင်အေး(တရားသူကြီးချုပ်-ငြိမ်း)အားလည်းကောင်း၊ မင်္ဂလာလက်မှတ်ရေးထိုးရာတွင် သတို့သား အသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြပါသော ဒေါက်တာမင်းသူ (ကထိက၊ ဥပဒေရေးရာဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်)နှင့်ဇနီး ဒေါ်ဟေဇာမြင့်ဦး (Managing Director, Aye's Family Co.,Ltd)၊ သတို့သမီး အသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြပါသော ဒေါက်တာဦးညီညီစိုး (Clinical Director Anaesthesia- Silom Pun Hlaing ဆေးရုံကြီး)နှင့် ဇနီး ဒေါ်သင်ဇာကျော်တို့အားလည်းကောင်း၊ ၁၈-၃-၂၀၁၆ ရက် (သောကြာနေ့)တွင် Park Royal Hotel ၌ သံဃာတော်များအား လှူဖွယ်ပစ္စည်းအစုစုနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းမှုတို့တွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော Park Royal Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၂၀-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel Grand Ballroom ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဘဘ သူရဦးတင်ဦး (နာယက၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)နှင့်ဇနီး ဒေါက်တာဒေါ်တင်မိုးဝေနှင့် မင်္ဂလာစိန်လက်စွပ် ရတနာဆင်မြန်းပေးပါသော ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်(စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော သမီးငယ် မသီရိမြင့်ဦးသူ(ခ)Baby Oo၊ မင်္ဂလာပန်းကြဲပေးပါသော မသီဂီထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော ဒေါက်တာမြင့်သူဇာမင်း၊ မင်္ဂလာစိန်လက်စွပ်ကလပ်ကိုင်ဆောင်ပေးသော ဒေါက်တာမေဖြူစင်၊ သတို့သားအရံ ဒေါက်တာလွှမ်းမိုးပိုင်နှင့် ဒေါက်တာမျိုးကိုကို၊ သတို့သမီးအရံ မမိုးမိုးအောင်နှင့် ဒေါက်တာဇေတ်ရည်စိုး၊ မင်္ဂလာအခမ်းအနားအသီးသီးတွင် မင်္ဂလာသြဘာစာ ဖတ်ကြားပေးပါသော အခမ်းအနားမှူး ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော နိုင်ငံကျော်တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော ကိုဥက္ကာဦးသာ (Plus Three) The First Music Agency တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာပွဲများအားလုံးကို ပန်းအလှပြင်ဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများကို လှပစွာစီစဉ်ပေးသူ ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်၊ မိတ်ကပ်နှင့်ဆံပင် အလှပြင်မိတ်ကပ် မေဦးနှင့်အဖွဲ့၊ မင်္ဂလာပွဲများအားလုံးအတွက် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော Zar & Diamond Jewellery မင်္ဂလာပွဲများအားလုံးအတွက် ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး (Focus Daily)အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်တက်ရောက် ချီးမြှင့်ပေးပါသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး)၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဂျပန်၊ အမေရိကန်၊ ဥရောပနိုင်ငံများနှင့် အခြားနိုင်ငံများမှ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ဧည့်သည်တော်များနှင့် ၄င်းနိုင်ငံများမှ ဆွေမျိုးများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များပေးပို့ပါသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိ လူကြီးမင်းအပေါင်းတို့အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာ မလီလီနှင့် ဟိုတယ်ဝန်ထမ်းများအားလည်းကောင်း၊ ၂၀-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ညနေပိုင်းတွင် Novotel Hotel, Yangon Ballroom ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာညစာစားပွဲအခမ်းအနားတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မတင်မိုးလွင်၊ ညနေခင်း Dinner ဝတ်စုံများကို စီစဉ်ချုပ်လုပ်ပေးပါသော ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်၊ တေးသံသာများဖြင့်ဖျော်ဖြေပေးသော The Aces Music Band အဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ Novotel Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဖိတ်စာများကို ရိုက်နှိပ်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်အားလည်းကောင်း၊ အလှပဆုံး Pre Wedding ဓာတ်ပုံများကို စိတ်ရှည်လှပစွာဖြင့်ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး (Focus Daily)အဖွဲ့နှင့် Pre Wedding ဓာတ်ပုံများရိုက်ကူးရာတွင် မိတ်ကပ်ပြင်ဆင်ပေးပါသော မေဦးမောင်(တော်ဝင်သူ)နှင့်အဖွဲ့အားလည်းကောင်း၊ ဧည့်ခံပွဲများတွင် လိုအပ်မှုများအတွက် မေတ္တာဖြင့်ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါကြောင်းနှင့် မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှပိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်စိုးလင်းဦး-ဒေါက်တာမေမိုး**



# ‘ပထမ’ နေရာမှ (၄)နှစ်ဆက်

## ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော အခွန်ထမ်း

## ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၁–၂၀၁၂ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် **သန်းပေါင်း ၆,၀၁၅.၃၉၇ သန်း**
ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် “ပထမ” ရရှိသဖြင့်
နိုင်ငံတော်သမ္မတ၏ ‘ နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု ’
နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်“ပထမဆု”

၂၀၁၂–၂၀၁၃ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် **သန်းပေါင်း ၁၀,၈၂၇.၇၀ သန်း**
ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် “ပထမ” ရရှိသဖြင့်
နိုင်ငံတော်သမ္မတ၏ ‘ အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု ’
နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် “ပထမဆု”

၂၀၁၃–၂၀၁၄ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် **သန်းပေါင်း ၁၇,၀၆၂.၆၆ သန်း**
ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် “ပထမ” ရရှိသဖြင့်
နိုင်ငံတော်သမ္မတ၏ ‘ အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု ’
နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် “ပထမဆု”

၂၀၁၄–၂၀၁၅ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် **သန်းပေါင်း ၂၂,၀၁၃.၆၁ သန်း**
ပေးဆောင်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့်
လုပ်ငန်းရှင် “ပထမ” နေရာကို (၄)နှစ်ဆက် ရရှိခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုးတက် ထမ်းဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဒေါက်တာကျော်မင်းဦး + ဒေါ်သင်းသင်းဦး
ချမ်းငြိမ်းအောင် အထူးကုဆေးရုံ
ချမ်းငြိမ်းအောင် ကုမ္ပဏီလီမိတက်

**သီတဂူရွှေပြည်ဟိန်း စက္ကူဒါနဆေးရုံ မတ်လ၊ ၂၆-၂၇၊ (၆၀)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

မတ်လ (၂၆၊ ၂၇)ရက်များတွင် ၆၀-ကြိမ်မြောက် ဦးရေ (၇၅၅၀) ပြည့် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စက္ကုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံဘုရားလမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေပုံတိုင်ကမ္ဘောဇဘဏ် အရှင်စေမောသီရိလက်ခံရ (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



**သဘာဝဆိတ်ငြိမ်ရိပ်သာ သင်္ကြန် (၇)ရက် တရားစခန်း (ဧပြီ ၁၀ မှ ၁၆ ထိ)**

ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ ၊ ဝိဝေကာဝါသကျောင်းတိုက်၊သဘာဝဆိတ်ငြိမ်ရိပ်သာ၌ ၂၀၁၆ခုနှစ်၊ ဧပြီ(၁၀)ရက်မှ (၁၆)ရက်နေ့ ည(၉း၀၀)နာရီအချိန်ထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ဝိဝေကာဝါသ ပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခ ကိုယ်တော်တိုင် ဝိပဿနာတရားများကို သေချာကျနစွာ ဟောပြောပြသပါမည်။ အမှန်တကယ်တရားလိုလား ကြိုးစားအားထုတ်မည့် ယောဂီ(၅၀)ယောက်သာ စိစစ်လက်ခံပါမည်။ ဧပြီ(၃)ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း ကြိုတင်ပေးသွင်း၍ မှတ်ပုံတင်ယူဆောင်ကာ ဧပြီ (၉) ရက်နေ့ ညနေ (၅)နာရီထက်နောက်မကျစေဘဲ လာကြရမည်။ ၄င်းည (၇)နာရီအချိန် အလုပ်ပေးတရားနာယူပြီးအားထုတ်ကြရပါမည်။ အကယ်၍ စာရင်းပေးပြီးမှ တရားစခန်း မဝင်ဖြစ်ခဲ့သော် အချိန်မီပြန်လည် အကြောင်းကြားပေးပါ။ အာဟာရဒါန အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ် လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ရန်ကုန်မှ ယောဂီများကို ကားဖြင့် ကြို/ပို့ပါမည်။ ဆက်သွယ်ရန်ဖုန်း - ၀၉ ၈၆၂ ၆၉၉၉၈၊ ၀၉ ၂၅၄ ၄၄၉ ၂၀၇



**ဓမ္မတရားနာပွဲ ဖိတ်ကြားခြင်း**

လိုင်ပီအန်ဘာသာအဖွဲ့ချုပ်မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၈)နှစ်မြောက် လိုင်ဆန်ဓမ္မတရားနာပွဲကို ကလေးမြို့၊ တောင်ဖီလာရပ်ကွက်တွင် ၅-၄-၂၀၁၆ ရက်မှ ၈-၄-၂၀၁၆ ရက်အထိ (၄)ရက်တိုင်တိုင် ဓမ္မတေးသရုပ်ဖော် အဆို အကများနှင့် တိုင်းရင်းသားရိုးရာ အဆို အကများဖြင့် စည်းကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ အသင်းသူ၊ အသင်းသားများနှင့် စိတ်ပါဝင်စားသူများ ခင်မင်ရင်နှီးစွာ ဖိတ်ကြားအပ်ပါသည်။

**လိုင်ပီအန်အဖွဲ့ချုပ်**
**တီးတိန်မြို့၊ ချင်းပြည်နယ်၊**
**ဖုန်း-၀၉-၂၅၉၀၇၈၂၁၆၊ ၀၇၀-၅၀၀၉၂**



စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

AMERICAN နိုင်ငံ INDIANA ပြည်နယ် FORTWAYNE မြို့နေ ABRAHAM THANG နှင့် DIMNO THANG တို့၏သား PAU THUPHA THANG နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာရိပ်မွန်၊ ယမုံနာလမ်း၊ အမှတ်(P-7)နေ (ဦးထောမူး)+ဒေါ်သန်းသန်းဝင်းတို့၏သမီး ဦးစိုးငွေ+ဒေါ်မာမာဝင်းတို့၏တူမ၊ နော်စွံလတ်ဝင်းထော

တို့သည် 21.3.2016 နေ့တွင် နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့ ရှေ့မှောက်၌ စေ့စပ်ပြီးစီးပါကြောင်း

နှစ်ဖက်သောမိဘများနှင့်
PAU THUPHA THANG - နော်စွံလတ်ဝင်းထော



ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်

**(၂၆)ကြိမ်မြောက် သင်္ကြန်(၁၀)ရက် တရားစခန်း**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက်တွင် (၂၆)ကြိမ်မြောက် သင်္ကြန်(၁၀)ရက် တရားစခန်းကို ၈-၄-၂၀၁၆ ရက်မှ ၁၇-၄-၂၀၁၆ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် စခန်းဝင်လိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

စခန်းဝင်မည့်သူများ ၇-၄-၂၀၁၆ရက်၊ ညနေ ၄နာရီအရောက် သတင်းပို့ရန်ဖြစ်ပါသည်။

**စာရင်းပေးရန် ဖုန်းနံပါတ်များ**

၁။ ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက် ဖုန်း-၀၁-၅၇၈၄၂၉၊ ၂။ ဦးလှဝေ တွဲ/မှူး ဖုန်း-၀၉-၂၅၀၆၅၁၉၈၉၊ ၃။ ဒေါ်ရီရီသိန်း ဆွမ်းရေးရာမှူး ဖုန်း-၀၉-၅၁၅၀၀၉၇

**ပစ္စည်းလေးပါးထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်**



**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ ဖိတ်ကြားလွှာ**

တတိယအကြိမ်မြောက် အသက်(၇၅)နှစ်အထက်ပုဂ္ဂိုလ်များ ကန်တော့ခံကြွရောက်ပါရန် တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားဝန်ထမ်းများ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၁။ **ကျင်းပမည့်နေ့ရက်** - ၁၉-၄-၂၀၁၆ ရက် (အင်္ဂါနေ့)
၂။ **ကျင်းပမည့်အချိန်** - နံနက် ၀၉း၀၀ နာရီတိတိ
၃။ **ကျင်းပမည့်နေရာ** - မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် အရောင်းခန်းမ၊ အမှတ် ၆၆၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့

အလှူငွေများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရန်ကုန် ဖုန်း-၀၉-၅၁၆၉၈၈၂၊ ၀၉-၂၅၀၈၂၂၉၄၆၊ ၀၉-၅၁၀၀၈၀၉၊ ၀၉-၇၉၉၁၆၃၂၈၈၊ ၀၉-၇၃၂၀၃၉၀၇၊ နေပြည်တော် ဖုန်း-၀၉-၄၄၈၅၄၄၈၉၆

**သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**



**အထက မုရစ်ကလေး ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း (မုရစ်ကလေး)၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၁-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အထက မုရစ်ကလေးတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး/ဆရာမကြီးများနှင့် ဆရာ ဆရာမများတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဤမြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ အပူဇော်ခံကြွရောက်ပေးပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အထက မုရစ်ကလေးမှ ကျောင်းသား/ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများအနေဖြင့် SW-76(ကမ္ဘောဇရတနာဘဏ်-ချောင်းဆုံဘဏ်ခွဲ)၊ A/C No:1351220006794 KBZ (ချောင်းဆုံဘဏ်ခွဲ)၊ ၀၉-၂၅၅၇၁၉၉၁၅၊ ၀၉-၄၂၅၃၆၆၀၉၆၊ ၀၉-၄၂၅၃၄၄၄၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 8J/5560, Ni.Di Bus(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းမော် ၁၂/ဥကမ(နိုင်)၁၆၁၉၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**


# ကျေးဇူးအထူးတင်ရှိခြင်း

၁၉-၃-၂၀၁၆ ရက်က သန်လျင်မြို့ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီးတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အသက်(၈၅)နှစ်နှင့်အထက် အဘိုး အဘွား (၅၀၀)ကျော်တို့အား-

**သန်လျင်မြို့လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခြင်းနှင့် သန်လျင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးခြင်းတို့အတွက်**

**အထူးအားဖြင့် ပူဇော်ပွဲသို့ ကြွရောက်ပေးခဲ့ကြသော အဘိုး အဘွားတို့အားလည်းကောင်း။**

အကြံဉာဏ်ပြုပေးခဲ့ကြသည့်သူများ၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးဦးကျော်ဝင်းဦး၊ သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများအားလည်းကောင်း။

မြို့မိ မြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ သန်လျင် နာရေးကူညီမှုအသင်း၊ သာသနာ့ဗိမာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့၊ အမိုးနီသုသာန်ကြီးကြပ်ရေးအဖွဲ့၊ ဓမ္မဒူတအကျိုးဆောင်အဖွဲ့၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့၊ ဓမ္မစက္ကပတ္တနကာရီအကျိုးတော်ဆောင်အဖွဲ့၊ ဓမ္မစကူးလ်အဖွဲ့၊ ရပ်ကွက် ကျေးရွာမှ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ သန်လျင် အထက(၂)မှ ဆရာမ ဒေါ်ချိုမာအောင်၊ ဒေါ်နွဲ့နွဲ့အောင်နှင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း။

ရတနာရှင်းသန့်ကုမ္ပဏီမှ ဝန်ထမ်းမိသားစုများ၊ မိတ်ဆွေကုမ္ပဏီများမှ လုပ်ငန်းရှင်များအားလည်းကောင်း။

သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြားအစီအစဉ်များတွင် ရိုက်ကူးဖော်ပြနိုင်ရေးအတွက် ကြိုးပမ်းစီစဉ်ပေးခဲ့သည့် သတင်းထောက် ဦးသန်းဝင်း (IPRD)အားလည်းကောင်း။

မှတ်တမ်းတင်ဗီဒီယိုဓာတ်ပုံရိုက်ကူးပေးပါသော ငွေရတုဓာတ်ပုံမိသားစုနှင့် ဝေယျာဝစ္စကုသိုလ်ယူ၍ လုပ်အားဒါနပေးလှူ ကူညီဆောင်ရွက်ပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း။

**ကျေးဇူးတင်ထိုက်သူအားလုံးကို အလှူရှင်မိသားစုမှ အထူးလိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။**

**ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင် မိသားစု**
**(ရတနာရှင်းသန့်ကုမ္ပဏီ)**
**သန်လျင်မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစု**

## တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် မဟာသင်္ကြန် (၁၀)ရက် အဓိဋ္ဌာန်အထူးတရားစခန်းပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာနမဟာနာယက ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီးကိုယ်တိုင်ဦးစီး၍ မဟာသင်္ကြန် (၁၀)ရက် အဓိဋ္ဌာန် အထူးတရားစခန်းကို ၁၁-၄-၂၀၁၆ရက်မှ ၂၀-၄-၂၀၁၆ရက်အထိ ဟောကြားပြသပေးမည်ဖြစ်ပါ၍ ယောဂီများသည် ၁၀-၄-၂၀၁၆ရက် ညနေ ၃း၀၀နာရီအရောက် လာရမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိလိုပါက ဖုန်း-၀၉-၂၅၀၃၆၅၁၁၅ သို့ ဆက်သွယ်နိုင်ပါသည်။

## မွေးနေ့မင်္ဂလာနှင့် စာအောင်ပူဇော်ပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေ၊ ရွှေပြည်သာမြို့ဦး၊ သာစုကန်စေတီတော်၊ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ပြည်တွင်း၊ ပြည်ပ ပရိယတ်ပဋိပတ်ဘက်စုံသာသနာပြုအကျော် ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရမဟာထေရ်၏ သက်ပြည့်၊ သက်ကျော် သက်တော်(၈၄)နှစ်ပြည့် မွေးနေ့မင်္ဂလာနှင့် စာအောင်ပူဇော်ပွဲကို ၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ရက် (၃-၄-၂၀၁၆ ရက်) တနင်္ဂနွေနေ့ နံနက် ၉း၀၀နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရပါသည်။

**တပည့်များ**
**တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်**
**တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၁-၆၃၇၂၈၁၊ ၀၉-၈၆၃၀၃၁၃**

## သုခကာမီရေနံချောင်း သီလရှင်စာသင်တိုက် နွေရာသီဓမ္မာစရိယပညာဒါနသင်တန်း

**(သီလရှင်သီးသန့်)**
**(သီလက္ခန်/အဋ္ဌသာလိနီကျမ်း)**
**ဦးသဒ္ဓမ္မသိရီဘိဝံသ**
သ·စ·အ ဓမ္မာစရိယ
အဂ္ဂမဟာအကျော်
မိုးကောင်းတိုက်၊မန္တလေးမြို့
နှင့်
**(ပါရာဇိကဏ်ကျမ်း)**
